# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့ (12-6-2015) (၈၂၂၉)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို(၃)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## မိုးရွာသွန်းမှု

၁၁-၆-၂၀၁၅

| | | |
|---|---|---|
| လှည်းကူး | ၄ ဒသမ ၃၇ | လက်မ |
| ကန့်ဘလူ | ၂ ဒသမ ၂၈ | လက်မ |
| မြောင်းမြ | ၂ ဒသမ ၀၅ | လက်မ |
| ကလေးဝ | ၂ ဒသမ ၀၂ | လက်မ |
| ညောင်ကုံ | ၁ ဒသမ ၇၃ | လက်မ |
| သံတောင်ကြီး | ၁ ဒသမ ၅၄ | လက်မ |

## တောင်ပေါ်ပင်လယ် အပြောကျယ်

စာ » ၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

စာ » ၈၊ ၉၊ ၁၀

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး



သတင်း စာမျက်နှာ - ၃

# တည်ဆောက်ပြီး၊ တည်ဆောက်သွားမည့် ခုံးကျော်တံတားများနှင့် ယာဉ်ကြောပိတ်ဆို့နေဆဲ မြို့ရန်ကုန်



ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုကို အဓိကလမ်းမကြီးများတွင် နေ့စဉ် ဤသို့ကြုံတွေ့နေသည်။

သတင်းဆောင်းပါး - ဆုနှင်းလဲ
ဓာတ်ပုံ - ခင်မောင်ဝင်း

ယနေ့ရန်ကုန်မြို့တွင် ဖြစ်ပေါ်နေသော ယာဉ်ကြောပိတ်ဆို့နေမှုများသည် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာသည်ကို ရန်ကုန်မြို့တွင် နေထိုင်နေသူများကြုံတွေ့ခံစားနေသည်။

အများပြည်သူတို့မှာ နေ့စဉ်နီးပါး နေအိမ်မှ စတင်ထွက်ခွာခြင်းနှင့် နေအိမ်သို့အပြန် ခရီးများအတွက် ခက်ခဲပင်ပန်းနေကြသည်။ မိမိတို့၏ လုပ်ငန်းခွင်များအတွင်း အလုပ်လုပ်နိုင်စွမ်းအားအပြည့်ဖြင့် အလုပ်မလုပ်နိုင်ကြဘဲ အချိန်နှင့် လုပ်အားများစွာ လမ်းပေါ်တွင် ဆုံးရှုံးစေသည်။

ယာဉ်ကြော ပိတ်ဆို့နေမှုများကြောင့် နိုင်ငံ၏ဂျီဒီပီကို ကျဆင်းစေသည်ဟုပင် ပညာရှင်များက ထောက်ပြပြောဆိုကြသည်။ အလုပ်ချိန်မီရန် နေအိမ်မှစောစီးစွာ ထွက်ခွာကြရပြီး အလုပ်မှအပြန် နေအိမ်သို့အချိန်နောက်ကျစွာ ရောက်ရှိကြရသောအဖြစ်၊ ဘတ်စ်ကားနည်းပါး၍ ဝန်ဆောင်မှုညံ့ဖျင်းခြင်းများက တစ်ပူပေါ် နှစ်ပူဆင့်သကဲ့သို့ ရန်ကုန်မြို့နေ ပြည်သူလူထုတို့ ကြိတ်မှိတ်သည်းခံ ဖြတ်ကျော်နေရသော နိစ္စဓူဝအခက်အခဲများပင်ဖြစ်သည်။

ထိုသို့သော ယာဉ်ကြောပိတ်ဆို့နေမှုများကြောင့်လည်း ယင်းပြဿနာများကို ဖြေရှင်းနိုင်ရန်အလို့ငှာ အချက်အချာကျသော မီးပွိုင့်လမ်းဆုံများတွင်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖


UPVC Windows & Doors Manufacturing

The Best Windows
Weather Proof Water Proof
The quality products





- Vinyl Tiles
- Carpet Tiles
- Eco Art Tiles



HOME GALAXY Interior Mall

Showroom (1) : Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon, Myanmar
Showroom (2) : No.15, Corner of Pyay Road & Wek Zar Nyi Naung St, 9 miles, Yangon, Myanmar.
Tel - 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513, 01-664675, 01-663309

**ကြေးမုံ စာတည်း ရှုထောင့် ၁၂-၆-၂၀၁၅၊ သောကြာနေ့**

# တောင်ပေါ်ပင်လယ်အပြောကျယ်

အာရှတိုက်၏ ကုန်းတွင်းပိုင်းဒေသများတွင် အလွန်ကြီးမားသည့် ကုန်းတွင်းရေကန်ကြီးများရှိသည်။ ရေကန်ကြီးများမှာ ကျယ်ပြောလှသဖြင့် တောင်ပေါ်မှ ပင်လယ်ကြီးများဟုပင် ထင်မှတ်ရသည်။ မြန်မာနိုင်ငံတွင်လည်း ကုန်းတွင်းပင်လယ်ကြီးနှစ်ခုရှိ၏။ တစ်ခုမှာ အင်းလေးကန်ဖြစ်၏။

အင်းလေးကန်သည် မြစ်ကြီးနားခရိုင်ရှိ အင်းတော်ကြီးပြီးလျှင် ဒုတိယအကြီးဆုံး သဘာဝရေအိုင်ကြီး ဖြစ်သည်။ အင်းလေးကန်မှာ အင်းတော်ကြီးလောက် မကြီးသော်လည်း ထင်ရှားကျော်ကြားမှုနှင့် အရေးပါအရာရောက်မှုများပြားလှသည်။ တောင်တန်းများကာဆီးနေသော အင်းလေးကန်သည် အလွန်ရှေးကျပြီး ကြည်လင်ပြာလဲ့သော ရေပြင်ကျယ်ကြီးမှာ သာယာရှုမောဖွယ်ဖြစ်သည်။

ရှေးအခါက ညောင်ရွှေချိုင့်ဝှမ်းတစ်ခွင်လုံးမှာ အင်းအိုင်ကြီးအဖြစ်ရှိခဲ့ပြီး အကျယ်အဝန်းအနေဖြင့် စတုရန်းမိုင် ၁၉၀ ခန့်ရှိမည်ဟု ခန့်မှန်းကြသည်။ ကာလရွေ့လျားလာသောအခါ ရေများခန်းခြောက်လာခဲ့ပြီး ယခုအင်းလေးကန်သည် ထိုအိုင်ကြီး၏ ရေမခန်းခြောက်ဘဲ ကျန်ရှိသည့်အစိတ်အပိုင်းတစ်ရပ်သာ ဖြစ်သည်။ အင်းလေးကန်သည် တောင်နှင့်မြောက် အလျားကိုးမိုင်ခန့်ရှိ၍ ရေပြင်အကျယ်ဆုံးနေရာ၌ အရှေ့အနောက် သုံးမိုင်ခွဲခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ပင်လယ်ရေမျက်နှာပြင်မှ ပေပေါင်း ၂၉၅၀ အမြင့်တွင်ရှိသည့် ကန်ကြီးမှာ ရှေးက ရွာကြီးလေးရွာဖြင့်တည်ထောင်ခဲ့ရာမှ အင်းလေးကန်ဟု အမည်တွင်ခဲ့ကြောင်း သမိုင်းပညာရှင်တို့က ဆိုကြသည်။ ပင်လောင်းမြို့နယ်မှ ချောင်းဖျားခံခဲ့သော ဘီလူးချောင်းသည် ပင်လောင်းနှင့်ကလောနယ်စပ်တွင် ချောင်းကြီးဖြစ်လာခဲ့ပြီး ရွှေအင်းတိမ်ရွာအနီးမှ ကန်အတွင်းသို့စီးဝင်ခဲ့သည်။ ထိုကန်မှ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော်အထိ စီးဆင်းသွားသည်။

အင်းလေးကန်ကိုအကြောင်းပြု၍ လောပိတမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့်အပြင် အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်အနေအထားကြောင့် စိုက်ပျိုးမွေးမြူရေး၊ သဘာဝအခြေခံခရီးသွားလာရေးနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ရှင်သန်ကျက်စားရာ ဒေသဖြစ်လာခဲ့သည်။ ထိုသို့သာမောဖွယ်နှင့် ကောင်းခြင်းအဖုံဖုံစုံလင်လှသော အင်းလေးဒေသကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် သဘာဝပတ်ဝန်းကျင်အစည်းအဝေးတွင် ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးက မြန်မာနိုင်ငံ၏ ပထမဆုံးဇီဝအဝန်းနယ်မြေအဖြစ် ဇွန်လ ၉ ရက်နေ့တွင် အတည်ပြုသတ်မှတ်ပေးခဲ့သည်ဟု သိရသည်။

အင်းလေးကန်အား ထိုသို့ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်မှုခံခဲ့ရခြင်းမှာ တန်ဖိုးကြီးမားသော ကုန်းတွင်းရေကန်ကြီးကို တိမ်ကောခြင်းမှလျော့နည်းသက်သာအောင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက အချိန်ကာလနှင့် လိုက်လျောညီထွေစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့်အပြင် ကိန်းဂဏန်းအချက်အလက်များ၊ သုတေသနဆောင်ရွက်ချက်များ တင်ပြနိုင်သောကြောင့် အသိအမှတ်ပြုခဲ့ခြင်း ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း ထိုကန်ကြီးသည် မူလကအလွန်ကြီးမားသော ရေပြင်ကျယ်ကြီးဖြစ်သော်လည်း ပြောင်းလဲလာသော ရာသီဥတုအခြေအနေကြောင့် ရေများတဖြည်းဖြည်းခန်းခြောက်လာပြီးနောက် ယခုအင်းလေးကန်ဖြစ်လာသည်ကို သိရှိခဲ့ရပြီးဖြစ်သည်။ မူလနယ်နိမိတ်မှ ကျဉ်းမြောင်းလာခြင်းသည် ရေတိမ်ကောမှု၊ နုန်းပို့ချမှု၊ ရာသီဥတုဖောက်ပြန်မှု၊ လူဦးရေတိုးပွားနေထိုင်လာမှုနှင့် ရေဝေရေလဲဒေသများတွင် သစ်တောပြုန်းတီးမှုတို့ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အထင်ကရသဘာဝပတ်ဝန်းကျင်နေရာတစ်ခု ပျက်စီးယိုယွင်းမည့်အရေးကို မည်သူမျှ နှစ်သက်မည်မဟုတ်ပါ။ အကြောင်းအမျိုးမျိုးကြောင့် ယိုယွင်းလာသည်ကို ပြစ်တင်ပြောဆိုနေကြမည့်အစား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်သာ လိုအပ်ပါသည်။ ယခုလည်း ဆိုင်ရာဆိုင်ရာအလိုက် ထိန်းသိမ်းစောင့်ရှောက်နေကြပါသည်။ ထိုသို့ထိန်းသိမ်းစောင့်ရှောက်သောကြောင့်လည်း ယူနက်စကိုက ပထမဆုံးဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ အင်းလေးဒေသနေ တိုင်းရင်းသားပြည်သူများက အင်းလေးကန်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ ။

## jrermto a&',Ei y*vu FM a&',rsm;\ xwvirrsm;wi trsm;jynoem;qi&e roionto;tEe;rsm; xwviyg u wilum;Ei

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် FM ရေဒီယိုစနစ်ဖြင့် အစီအစဉ်များ ထုတ်လွှင့်ခြင်းအတွက် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် ချယ်ရီ FM မှ အပတ်စဉ် အင်္ဂါနေ့ နံနက် ၉ နာရီမှ ၉ နာရီခွဲ၊ သောကြာနေ့ ညနေ ၆ နာရီမှ ၆ နာရီ ၄၅ မိနစ်တို့တွင် ထုတ်လွှင့်နေသည့် Happy Time အစီအစဉ်တွင် အစီအစဉ်တင်ဆက်သူ အမျိုးသားက ဖုန်းဆက်စကားပြောသည့် အမျိုးသမီးများအား အဓိပ္ပာယ်အမျိုးမျိုးကောက်ယူနိုင်သည့် စကားများဖြင့် ပြောဆိုမှုသည် အများပြည်သူ နားထောင်ရန်မသင့်တော်ကြောင်း၊ ဖုန်းဆက်သူများထဲတွင် အသက်မပြည့်သေးသည့် ကလေးငယ်များပါနိုင်ပြီး ထိုကလေးငယ်များအပေါ် အခွင့်အရေးယူသလိုဖြစ်နိုင်ပါကြောင်း တိုင်ကြားလာသဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စိစစ်မှုများ ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် မြန်မာ့အသံ၊ ချယ်ရီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဥ္စဝတီ FM နှင့်မန္တလေး FM များ၏ အစီအစဉ်များတွင် အများပြည်သူနားဆင်ရန် မသင့်သော ပြောကြားချက်များ၊ လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားဆက်ဆံရာရောက်သော၊ အမျိုးသမီး၊ ကလေးငယ်များနှင့်မသန်စွမ်းသူများအပေါ် နှိမ့်ချရာရောက်သော၊ အခွင့်အရေးယူရာရောက်သော အသုံးအနှုန်းများပါဝင်ကြောင်း တွေ့ရှိပါက အောက်ဖော်ပြပါ လိပ်စာများသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| ၁။ ဒုတိယအမြဲတမ်းအတွင်းဝန် | - | ၀၆၇-၄၁၂၃၂၃(ဖုန်း) |
| ပြည်ထောင်စုဝန်ကြီးရုံး | | ၀၆၇-၄၁၂၀၁၇(ဖက်စ်) |
| ၂။ ညွှန်ကြားရေးမှူးချုပ် | - | ၀၆၇-၇၉၄၅၆(ဖုန်း) |
| မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | | ၀၆၇-၇၉၄၇၃(ဖက်စ်) |
| ၃။ ညွှန်ကြားရေးမှူး(အသံလွှင့်) | - | ၀၆၇-၇၉၂၁၂(ဖုန်း) |
| မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | | ၀၆၇-၇၉၂၀၅(ဖက်စ်) |
| | | Email-zeyar.mrtv3@gmail.com |

**ပြန်ကြားရေးဝန်ကြီးဌာန**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၄၀၀၀ | - | ၇၃၈၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၄၀၀၀ | - | ၇၃၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၃၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၀၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၂၄၈. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၈. ၀၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၂. ၈၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၂၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၃၁၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၉၈. ၀၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၉. ၃၃၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၅၃. ၇၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၂၁. ၅၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




# ဓာတ်အားခွဲရုံတည်ဆောက်

**စစ်ကွင်း ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် စစ်ကွင်းမြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဆေးရုံလမ်း လျှပ်စစ်ရုံးဝင်းအတွင်း(၃၃/၁၁)အမ်ဗွီအေဓာတ်အားခွဲရုံသစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် တည်ဆောက်ခဲ့ရာ ဇွန် ၇ ရက်တွင် လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက စစ်ကွင်းမြို့အတွင်း ဓာတ်အားစနစ်ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ကျေးရွာများသို့လည်း ဓာတ်အားတိုးချဲ့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**













**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုဟိန်းကိုကို CDC No. 73571 ၏ D.S.D No. 01429913,WK No.D00377814 တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၈၄၅၀၆၈

**ပတ်စပို့ပျောက်**

ကျွန်တော် မောင်ရန်လင်း (၁/ဝမန(နိုင်)၀၅၉၄၄၉) ၏ ပတ်စပို့ (NO. မမှတ်မိမှာ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၀၀၀၀၈၅၆

**ဒလ မြေကွက် အမြန်ရောင်းမည် ( ပွဲစားမလို )**

| | | | | |
|---|---|---|---|---|
| (ကျွန်စစ်သားရပ်ကွက်) | 50'×50' BN2, | ပါမစ် | ၁၀၀၀ သိန်း၊ | |
| (ဘုရင့်နောင်ရပ်ကွက်) | 40'×60' PT1, | ဂရံ | ၂၅၀၀ သိန်း၊ | |
| (တပင်ရွှေထီးရပ်ကွက်) | 20'×60' PT1, | ဂရံ | ၆၀၀ သိန်း၊ | |
| (မော်စပ်ရပ်ကွက်) | 20'×60' မြေ၊ | ပါမစ် | ၈၀၀ သိန်း၊ | |

တပင်ရွှေထီးရပ်ကွက် 40'×60' ဂရံ ၃၅၀၀ သိန်း၊

မဲ့ဆက်ရန် - 01 374648, 249380, 09 421025403, 09 43152297



# နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်အား ယနေ့နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၁၂**

၂၀၁၅ ခုနှစ်ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ် ဒဲလ် ရိုဆာရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၁၂**

၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## မြန်မာ-ထိုင်း နှစ်နိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ မကြာမီလက်မှတ်ရေးထိုးမည်

**နေပြည်တော် ဇွန် ၁၁**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို မကြာမီ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဇွန် ၁၁ ရက်က နေပြည်တော်ရှိစွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည့် သတင်းထုတ်ပြန်ခြင်းအခမ်းအနားမှ သိရသည်။

အဆိုပါ မြန်မာ-ထိုင်း နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးမည်ဆိုပါက နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး၊ နည်းပညာ၊ အသိပညာနှင့် သတင်းအချက်အလက်များ နှီးနှောဖလှယ်ရေး၊ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံ စွမ်းအင်ဝန်ကြီးများ ဦးဆောင်သည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးကိုလည်း တစ်ဆက်တည်း ကျင်းပသွားရန်ရှိကြောင်းလည်း သိရသည်။ ထိုသို့ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာမြင့်မားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနှင့် ပြည်တွင်းစွမ်းအင်ဖူလုံရေးကို အထောက်အကူပြုစေမည်ဖြစ်သည့်အပြင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် နေရာဒေသများရှိပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်စေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



အခမ်းအနားတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် ရှိသည့် ကိစ္စအပါအဝင် မိုးစပါးစိုက်ပျိုးရာသီချိန်အမီ တောင်သူများလုံလောက်စွာ သုံးစွဲနိုင်ရန် ယူရီးယားဓာတ်မြေဩဇာများ လွတ်လပ်စွာရောင်းချမည့်ကိစ္စ၊ သဘာဝတောတောင်ရေမြေပတ်ဝန်းကျင် သားငှက်တိရစ္ဆာန်များအား မျိုးသုဉ်းပျောက်ကွယ်မှုမဖြစ်စေရန် ရည်ရွယ်လျက် တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း Myanmar Tanintharyi Nature Resource Project(TNRP)၏ ဆောင်ရွက်ချက်များ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကန်ဘောက်ဒေသရှိ PTTEPI ကုမ္ပဏီမှ Zawtika Operation Center နေရာတစ်ဝိုက်တွင် ဒေသနေပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ခြံစည်းရိုးပတ်လမ်းအား ဆောင်ရွက်ပေးမည့်ကိစ္စ၊ စွမ်းအင်ဝန်ကြီးဌာနမှ ခွင့်ပြုပေးထားသော ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များအား အရည်အသွေး၊ အခြင်အတွယ် မှန်ကန်စေရေးအတွက် စစ်ဆေးအရေးယူခြင်း၊ ကုန်းပိုင်းနှင့် ကမ်းလွန်ရေနံလုပ်ကွက်များအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခြင်းဆိုင်ရာကိစ္စများ၊ လက်ရှိစီမံကိန်းများမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ ရောင်းချမှု၊ ပြည်တွင်းသုံးစွဲမှု၊ နိုင်ငံခြားဝင်ငွေရရှိမှုများနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်း ဦးဆောင်သော သက်ဆိုင်ရာတာဝန်ရှိသူများက သတင်းထုတ်ပြန်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ကြောင်း သိရသည်။

**(ငွေကြယ်)**

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
| --- | --- | --- |
| (က) | ဦးခင်မောင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (ခ) | ဦးခင်မောင်တင့်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အထည်အလိပ်လုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဂ) | ဦးသန့်စင်<br>ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်<br>စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ဃ) | ဦးညွှန့်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်း<br>ရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (င) | ဦးလှမော်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးညွှန်ကြားမှု<br>ဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်း<br>ရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်း<br>ရောင်းဝယ်ရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
| --- | --- | --- |
| (က) | ဦးဝင်းဆွေထွန်း | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) | ဦးတင့်သွင် | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

## သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇွန် ၁၂**

၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမီယာ၊ ဗွီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ၊ အေ၊ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အစည်းအဝေးများကျင်းပရေး လုပ်ငန်းကော်မတီစည်းဝေး

**နေပြည်တော် ဇွန် ၁၁**

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပခဲ့သည်။



အစည်းအဝေးသို့ စီအယ်လ်အမ်ဗွီ၊ အက်မက်စ်နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးလုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။**(အပေါ်ပုံ)**

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို အသီးသီးရှင်းလင်းတင်ပြခဲ့ကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ထိပ်သီးအစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ဖြည့်ဆည်းဆောင်ရွက်ရန် ရှိသည်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် **ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီက** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြေနီကုန်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၅၀) (၅ လွှာ) (A)တွင် ပါတီရုံးချုပ်တည်ရှိသော **ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီက** နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၁**

၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High Level Task Force on ASEAN Community's Post-2015 Vision)၏ ပဉ္စမအကြိမ် အစည်းအဝေးကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဖြစ်သော မလေးရှားနိုင်ငံကိုယ်စားလှယ် ဒါတို ဆူကင်ပီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ် သံအမတ်ကြီး (အငြိမ်းစား)ဦးလှမြင့်ဦးဆောင်သော အာဆီယံအသိုက်အဝန်းမဏ္ဍိုင် (၃)ရပ် ကိုယ်စားပြုအရာရှိများ တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တင်ပြမည့် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း အထောက်အကူပြုစာရွက်စာတမ်းကိုလည်းကောင်း၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ ဆိုင်ရာ ကွာလာလမ်ပူ ကြေညာချက်ကိုလည်းကောင်း ဆွေးနွေးသည်။

အဆိုပါ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်လည်း ဆက်လက်ကျင်းပသွားရန်ရှိပြီး ယင်းအစည်းအဝေးများတွင် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နှင့် အသိုက်အဝန်းသုံးခု၏ အထောက်အကူပြုစာရွက်စာတမ်းများကိုလည်းကောင်း၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ ဆိုင်ရာ ကွာလာလမ်ပူကြေညာချက်ကို လည်းကောင်း အပြီးသတ်ဆွေးနွေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

# တရားမဝင်အထောက်အထားမဲ့အလုပ်လုပ်သူများ လွှဲပြောင်းပေးအပ်

**မူဆယ် ဇွန် ၁၁**

တရားမဝင် အထောက်အထားမဲ့ နေထိုင်မှုဖြင့် တရုတ်နိုင်ငံ ကျန်းဆူးပြည်နယ် ရှီးကျိုးထောင်တွင် နှစ်လ ပြစ်ဒဏ်ကျခံခဲ့ရသော မြန်မာနိုင်ငံသား ၂၀၅ ဦးအား နယ်စပ်ကာကွယ်ရေးဌာန ဒုတိယဌာနမှူးက ဇွန် ၁၀ ရက် ညနေ ၅ နာရီ တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နန်းတော်နှစ်နိုင်ငံဝင်/ထွက်စခန်း၌ လွှဲပြောင်းပေးအပ်ခဲ့ရာ တရားမဝင်ဝင်ရောက်မှု ကာကွယ်ရေးအဖွဲ့ အမှတ်(၅)မှ ဦးစီးအရာရှိ ဦးအောင်ဝင်းသိန်းက လက်ခံရယူခဲ့သည်။



လွှဲပြောင်းပေးအပ်သူများမှာ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၀၃ ဦး၊ ချင်းပြည်နယ်မှ ၁၅ ဦး၊ ရခိုင်ပြည်နယ်မှ ၆၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ခြောက်ဦး၊ ရှမ်းပြည်နယ်မှ ၁၇ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦးဖြစ်ပြီး ၎င်းတို့သည် နန်းတော်နှစ်နိုင်ငံဝင်/ထွက်စခန်းမှ(ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်)ဖြင့် မူဆယ်တစ်ဖက်ခြမ်းရှိ ကြယ်ကောင်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံသားကတ်မပါရှိသူများသည် ဆင်ဖြူနှစ်နိုင်ငံဝင်/ထွက်စခန်းအနီးရှိ တရားမဝင်ဝင်ပေါက်မှ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

၎င်းတို့သည် တရုတ်ပြည်ရှွေလီရှိ တရားမဝင်ဖွင့်လှစ်ထားသော အလုပ်သမား ရှာဖွေရေးရုံးများမှတစ်ဆင့် တရုတ်ပြည်တောင်ပိုင်းသို့ ပို့ဆောင်အလုပ်စေခိုင်းခံရသူများဖြစ်ပြီး လုပ်အားခရှင်းချိန်တွင် တရားမဝင်နေထိုင်သူအဖြစ် စွဲချက်တင်၍ ဖမ်းဆီးခံခဲ့ရသည်။ အချို့မှာ စန့်တုန်မြို့ ဘဲအမွေးနုတ်စက်ရုံ၊ ဘဲအသားပေါင်းစက်ရုံတွင် လုပ်ကိုင်ကြရပြီး ပန်းရန်နှင့်စောင်စက်ရုံတို့၌ လုပ်ကိုင်သော အလုပ်သမားအများစုမှာ မိမိတို့ရောက်ရှိသည့်နေရာကို သိရှိခြင်းမရှိဘဲ ရှီးကျိုးထောင်သို့ ပို့ဆောင်ခံခဲ့ရခြင်းဖြစ်သည်။

ရောက်ရှိလာသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးရေးရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စုနှင့် ဌာနဆိုင်ရာများက နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ကိစ္စရပ်များနှင့်ပတ်သက်၍ တရားဝင်သွားလာမှုပြုရန် အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြသည်။

၎င်း ၂၀၅ ဦးအား နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၀၁၁၂)**

# နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟို့လန်အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၊ ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကိုအခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် ကော်မတီ၏ဆောင်ရွက်ချက် အပြီးသတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၈)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပပြီး အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ၏ ဆောင်ရွက်ချက် အပြီးသတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာ ဖတ်ကြားတင်သွင်းရာတွင် ဒုတိယဝန်ကြီးက လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဆက်လက်အကောင်အထည်ဖော်ရာ၌ နိုင်ငံတော်အတွက် အကျိုးအမြတ် ပိုမိုရရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စာချုပ်အသစ်ကို ပြန်လည်ချုပ်ဆိုနိုင်ခြင်းကြောင့် ရရှိသည့် အကျိုးအမြတ်များအပေါ် နိုင်ငံတော်မှ ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ၁၉ ရာခိုင်နှုန်းနှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်း ရရှိကြမည်ဖြစ်သည့်အတွက် နိုင်ငံတော်အကျိုး၊ ဒေသအကျိုးအတွက် အကျိုးစီးပွားဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တည်ဆောက်ရေးကာလအတွင်း နှစ်စဉ်အမေရိကန်ဒေါ်လာတစ်သန်းကို လည်းကောင်း၊ သတ္တုထုတ်လုပ်မှု ကာလအတွင်း နှစ်စဉ်ရရှိသည့်အကျိုးအမြတ်မှ ၂ ရာခိုင်နှုန်းကိုလည်းကောင်း၊ သတ္တုတွင်းလုပ်ငန်းများ ပိတ်သိမ်းသည့်အခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၂ သန်း နှစ်စဉ်စုဆောင်းသွားရန်ကိုလည်းကောင်း စာချုပ်အသစ်တွင် ထည့်သွင်းချုပ်ဆိုနိုင်ခဲ့ကြောင်း။



ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်။

စီမံကိန်းတည်ဆောက်မှုကာလတွင် လုပ်ငန်းခွင်အတွင်း ဒေသခံ ၁၆၇၈ ဦး၊ စီမံကိန်းပြင်ပမြို့နယ်များမှ ၃၃၆ ဦး အလုပ်အကိုင်ခန့်ထားပြီးဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ချက်ချင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်း တိကျသည့် ရည်မှန်းချက်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာပါ အကြံပြုချက် ၄၂ ချက်အပေါ် ၃၇ ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သဖြင့် အကြံပြုချက်များ၏ ၈၈ ဒသမ ၁၀ ရာခိုင်နှုန်းကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း စသည်ဖြင့် တင်ပြသည်။

ယင်းနောက် အဆိုပါအပြီးသတ် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်တို့က ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က အကြောင်းအရာများနှင့် ပတ်သက်၍ အစီရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့် ဒေသခံပြည်သူလူထုနှင့် နိုင်ငံတော်အတွက် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ခဲ့သည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေများလျော်ကြေးပေးမှု၊ မလိုအပ်သောလယ်ယာမြေများ ပြန်လည်ပေးအပ်မှု၊ စိုက်ပျိုးမြေပြန်လည်ဖော်ထုတ်ပေးမှုနှင့် နှစ်ရှည်သီးနှံနှင့် ရေတွင်းများအား လျော်ကြေးပေးခဲ့မှုတို့ကို လည်းကောင်း အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအပြီးသတ် အစီရင်ခံစာနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ ရှင်းလင်းဆွေးနွေးချက်များကို လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း ဆောင်ရွက်ခဲ့သည်။



သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်။

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး စာရင်းကိုင်၊ စာရင်းစစ်သင်တန်းကျောင်းဖွင့်

**ပဲခူး ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၏ စာရင်းကိုင်၊ စာရင်းစစ်သင်တန်းကျောင်းနှင့် ပေါင်းကူးတံတားဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက်က အဆိုပါသင်တန်းကျောင်းရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးအေးဝင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက သင်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းအဆောက်အအုံသစ်သည် အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အာရ်စီ သုံးထပ်အဆောက်အအုံဖြစ်ပြီး အဆိုပါသင်တန်းကျောင်းသို့ တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများနှင့် ပြင်ပစိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း၊ သင်တန်းတစ်ပတ်လျှင် သင်တန်းသား ၈၀ တက်ရောက်နိုင်ပြီး သင်တန်းကာလ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ အခြေခံစာရင်းကိုင်သင်တန်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

# စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ပုံမှန်ပူးပေါင်းညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှုအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇွန် ၈ ရက်မှ ၁၀ ရက်အထိကျင်းပသည့် စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC)၏ ပုံမှန်ပူးပေါင်းညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှုအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဇွန် ၁၀ ရက် ဒေသစံတော်ချိန် ၁၀ နာရီ မိနစ် ၄၀ တွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါမိန့်ခွန်းတွင် ယခုအစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုမူဝါဒကော်မတီ(CDP) ၏ (၁၇)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးအစီရင်ခံစာတွင် မြန်မာနိုင်ငံအနေဖြင့် LDC မှ လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်းများပြည့်မီရေးတွင် သိသာထင်ရှားစွာ တိုးတက်လာကြောင်း ဖော်ပြချက်အပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ LDC မှလွတ်မြောက်ရေးအတွက် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ဆပ်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးဌာနများဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများပါဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**


## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခွင့်ပြုခဲ့သော ရန်ကုန်တိုင်းအတွင်း တည်ဆောက်မည့် 33KV ကောင်းကင်လိုင်းများအား 33KV Insulated Cable ဖြင့် တည်ဆောက်ရန်အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၆-၂၀၁၅
တင်ဒါပိတ်မည့်ရက် - ၁၈-၆-၂၀၁၅
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာန**
**(၁၉၇/၁၉၉)အောက်ကြည့်မြင်တိုင်လမ်း၊ အလုံ၊ ရန်ကုန်**
**ဖုန်းအမှတ်၊ ၀၁-၂၂၀၈၁၆**

ပြည်တွင်းရေးရာ

# မြန်မာ့ရုပ်မြင်သံကြားမှ အငြိမ့်အစီအစဉ်များ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၁၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Home (House of Media & Entertainment) တို့ ပူးပေါင်းထုတ်လုပ်သည့် **မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်းအစီအစဉ်**တွင် အငြိမ့်ခေတ်ဦး ထိုင်ဆိုအငြိမ့်၊ မော်လမြိုင်မစိန်ငုံအငြိမ့်၊ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံးအငြိမ့်၊ မြခြေကျင်း မငွေမြိုင်အငြိမ့်၊ လေဘာတီ မမြရင်အငြိမ့်၊ သြဘာသောင်း အငြိမ့်၊ ဥက္ကလာ မအေးကြည် အငြိမ့်၊ ဂီတမယ် လှကလေးစိန်အငြိမ့်၊ ဒဂုံ ခင်လှကြည်အငြိမ့်တို့ကို အပိုင်း (၇) ပိုင်းခွဲ၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအငြိမ့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် အပတ်စဉ် သောကြာနေ့တိုင်း ည ၉ နာရီခွဲတွင် ပထမအကြိမ်နှင့် တနင်္လာနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထုတ်လွှင့်ပြသခြင်း၊ မြန်မာ့ရုပ်မြင်သံကြား ဖျော်ဖြေရေး အစီအစဉ်တွင် အပတ်စဉ် စနေနေ့ နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ည ၈ နာရီခွဲနှင့် နံနက် ၂ နာရီခွဲတို့တွင် (၄) ကြိမ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အင်ဒိုနီးရှားနိုင်ငံမှ နောက်ဆုံးအကြိမ် ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သား ၁၃၂ ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ငွေကျပ်တစ်သိန်းစီ ထောက်ပံ့



**နေပြည်တော် ဇွန် ၁၁**

အင်ဒိုနီးရှားနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာရေလုပ်သား ၅၃၅ ဦးအနက် ကျန်ရှိသည့် ၁၃၂ ဦး ကို ဇွန် ၁၀ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် MAI လေကြောင်းလိုင်းဖြင့် အင်ဒိုနီးရှားနိုင်ငံ Ambon အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အပြီးသတ်သွားရောက်ခေါ်ဆောင်ခဲ့ရာ ည ၇ နာရီ မိနစ်၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီးဝင်းနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါရေလုပ်သား ၁၃၂ ဦးအား ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီးဝင်းနိုင်**(ဝဲပုံ)**က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ မြန်မာရေလုပ်သားတစ်ဦးစီအတွက် ကူညီထောက်ပံ့သည့် ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၃၂ သိန်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးက လူကုန်ကူးခံရသူ ၁၃၂ ဦးအတွက် ငွေကျပ် ၆၅ သိန်း၊ ကမ္ဘောဇလေကြောင်းလိုင်းမှ တစ်ဦးလျှင် ငွေကျပ် ငါးသောင်း၊ အင်္ကျီတစ်ထည်နှင့် ဦးထုပ်တစ်လုံးစီ၊ IOM (မြန်မာ) မှ စားစရိတ်ကုန်ကျငွေကျပ် သိန်း ၅၀၊ တစ်ဦးလျှင် မိုးကာအင်္ကျီတစ်ထည်၊ ဖုန်း Sim Card တစ်ကတ်နှင့် လက်ကိုင်ဖုန်း မရှိသူများအား လက်ကိုင်ဖုန်းတစ်လုံးစီကို လည်းကောင်း၊ IOM (အင်ဒိုနီးရှား)မှ စပို့ရှပ်အင်္ကျီတစ်ထည်နှင့် ဘောင်းဘီရှည်တစ်ထည်စီကိုလည်းကောင်း အခမ်းအနားဖြင့် ထောက်ပံ့ပေးအပ်သည်။

ပြန်လည်ရောက်ရှိလာသော ရေလုပ်သား ၁၃၂ ဦးသည် မွန်ပြည်နယ်မှ ၃၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄ ဦး၊ ရခိုင်ပြည်နယ်မှ ၁၂ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ငါးဦး၊ ကရင်ပြည်နယ်မှ လေးဦး၊ ရှမ်းပြည်နယ်မှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်ဦးနှင့် မကွေးတိုင်းဒေသကြီးမှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

မြန်မာရေလုပ်သားများကို အစိုးရ၏အစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခြင်းဖြစ်ရာ မေ ၁၄ ရက်က ပထမအကြိမ် မြန်မာရေလုပ်သား ၁၂၅ ဦး၊ မေ ၁၇ ရက်က ဒုတိယအကြိမ် ၁၂၈ ဦး၊ မေ ၂၈ ရက်က တတိယအကြိမ် ၁၂၉ ဦးပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ယခုစတုတ္ထအကြိမ် ၁၃၂ ဦး ကို အပြီးသတ် ပြန်လည်ခေါ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဇမ္ဗူသီရိအထူးကုဆေးရုံကြီး ကျန်းမာရေးကဏ္ဍ တစ်ခေတ်ဆန်းလာ

နေပြည်တော် ဇွန် ၁၁

**နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အများပြည်သူ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထောက်အကူပြုရန်ရည်ရွယ်ချက်ဖြင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးကို ခေတ်မီစက်ကိရိယာများ တပ်ဆင်၍ နေပြည်တော် ပျဉ်းမနား-တောင်ညိုလမ်းမကြီးဘေး ဇီဇဝါပန်းအဝိုင်းအနီးတွင် ၃-၅-၂၀၁၂ ရက်မှစ၍ ဖွင့်လှစ်ပေးခဲ့သည်။**



**ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာဦးလင်းထွန်းထွန်း။**



**လက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်သန်း။**

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြည်သူများ သက်သာချောင်ချိရေးအတွက် ဘက်ပေါင်းစုံမှ ဝန်ဆောင်မှုများပေးလျက်ရှိရာ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍတွင်လည်း ပိုမိုမြင့်မားတိုးတက်ရေးအတွက် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို သင့်တင့်သောနှုန်းထားဖြင့် တစ်ဖက်တစ်လမ်းမှ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ရောဂါရှာဖွေခြင်းလုပ်ငန်းများကို ပိုမိုအထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံတကာအဆင့်မီ 3 Tesla MRI (Magnetive Resonance Imaging) သံလိုက်စွမ်းအားသုံးအသေးစိတ် ပုံရိပ်ဖော်ရောဂါရှာဖွေသည့်စက် တပ်ဆင်ထားကြောင်း သိရသည်။

ပုံရိပ်ဖော် ရောဂါရှာဖွေရာတွင် ဓာတ်ရောင်ခြည်အသုံးပြု၍ ရောဂါရှာဖွေခြင်း (X-Ray, CT Scan, Fluroscopy)၊ အသံလှိုင်းအသုံးပြု၍ ရောဂါရှာဖွေခြင်း (Ultrasound) နှင့် သံလိုက်စွမ်းအားအသုံးပြု၍ ရောဂါရှာဖွေခြင်း(MRI) တို့ ရှိသည်ဟု သိရသည်။ နေပြည်တော်ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင် ယခု တပ်ဆင်ပြီးသည့် 3 Tesla MRI စက်ကြီးမှာ ဓာတ်ရောင်ခြည်အန္တရာယ်လုံးဝမရှိဘဲ စွမ်းအားမြင့်သံလိုက်ဓာတ်အသုံးပြုသည့် ခေတ်မီပုံရိပ်ဖော်ရောဂါရှာဖွေနိုင်သည့် စက်ကြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် သံလိုက်စွမ်းအားပေါ်မူတည်၍ 0.3 Tesla၊ 0.4 Tesla နှင့် 1.5 Tesla MRI စသော စက်များကို အစိုးရဆေးရုံကြီးများနှင့် ပုဂ္ဂလိကဆေးရုံကြီးများတွင် တပ်ဆင်အသုံးပြုလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး 3 Tesla MRI စက်မှာ လူ့ခန္ဓာကိုယ်တစ်ခုလုံး၌ရှိသော ရောဂါများကို စွမ်းအားမြင့်သံလိုက်ဓာတ်ကို အသုံးပြုကာ ကြည်လင်ပြတ်သားစွာပုံရိပ်ဖော်၍ နှလုံးရောဂါ၊ သွေးကြောဆိုင်ရာ ရောဂါများ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါများ၊ အရိုး၊ အကြော၊ အဆစ်၊ ကြွက်သားများတွင် ဖြစ်တတ်သော ရောဂါများ၊ ကျောရိုးမကြီးဆိုင်ရာ ရောဂါများ၊ ရင်ခေါင်းအတွင်းပိုင်းရှိ ရောဂါများ၊ ဝမ်းဗိုက်အတွင်းပိုင်းရှိ အစာအိမ် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အသည်း၊ သည်းခြေအိတ်၊ ပန်ကရိယ၊ ကျောက်ကပ်ဆိုင်ရာရောဂါများ၊ ခန္ဓာကိုယ်အတွင်းပိုင်းရှိ ကင်ဆာအဖုအကျိတ်များကို ရှာဖွေပေးသည်။

ဆေးတက္ကသိုလ် (၁) ရန်ကုန် ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဒေါက်တာ ဦးလင်းထွန်းထွန်းက "ဒီစက်ကြီးမျိုးကို ဥရောပနိုင်ငံကြီးတွေမှာ အသုံးပြုနေတာကြာပါပြီ။ ရောဂါရှာဖွေရာမှာလည်း အလွန်အထောက်အကူပြုပြီး ထိရောက်မှုရှိပါတယ်။ နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးမှာ ပထမဆုံး တပ်ဆင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တော့မှာဖြစ်လို့ အထူးဝမ်းမြောက်ပါတယ်"ဟုပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းမြင့်သန်းက " ကျွန်တော်တို့ဆေးရုံကြီးမှာ 3 Tesla MRI စက်ကြီးနဲ့ ရောဂါရှာဖွေ စစ်ဆေးကုသနိုင်ပြီဖြစ်လို့ ပြည်သူများအနေနဲ့ နိုင်ငံခြားကို အချိန်ကုန်၊ ငွေကုန်ခံပြီး သွားရောက်ဖို့ မလိုတော့ဘဲ ပြည်တွင်းမှာပဲ သင့်တင့်တဲ့ ဝန်ဆောင်ခနှုန်းထားနဲ့ ရောဂါရှာဖွေစစ်ဆေးနိုင်ပါတယ်။ မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ ဝေဒနာရှင်တွေအနေနဲ့ အချိန်မရွေး လာရောက်စစ်ဆေးနိုင်ပါပြီ" ဟု ပြောကြားသည်။

နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးအနေဖြင့် ခေတ်မီရောဂါရှာဖွေစမ်းသပ်သည့် စက်ကြီးများ တပ်ဆင်အသုံးပြုကာ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများအား ၂၄ နာရီ ပိတ်ရက်မရှိ အချိန်ပြည့် အထူးကုဆရာဝန်ကြီးများတာဝန်ယူ၍ သင့်တင့်သောနှုန်းထားများဖြင့် ရောဂါအလိုက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသောကြောင့် ပြည်သူလူထုအားကိုးအားထားရာ အထူးကုဆေးရုံကြီးတစ်ရုံအဖြစ် မလွဲမသွေ ဖြစ်လာတော့မည်ဖြစ်ကြောင်း. . . . ။

**သတင်းမှတ်စု**
**ဇော်မင်းအောင်(၁၀၇)**



နိုင်ငံတကာအဆင့်မီ 3 Tesla MRI စက်သစ်ကို တွေ့ရစဉ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် GSM ရေဒီယိုစခန်း(၉၉)ခုအား ထပ်မံတည်ဆောက်သွားရန် လျာထား

**နေပြည်တော်　ဇွန်　၁၁**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း ၃ ခုအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၏ **ဝေါမြို့ပေါ်တွင် GSM တာဝါတိုင်တစ်တိုင်သာ တပ်ဆင်အသုံးပြုနေပြီး ညောင်ခါးရှည်ကျေးရွာတွင် တာဝါတိုင် တည်ဆောက်ပြီးသော်လည်း စက်များတပ်ဆင်ထားခြင်း မရှိသေးသဖြင့် ဆက်သွယ်မရသည့် အခက်အခဲနှင့် ကြုံတွေ့ရသောကြောင့် ယင်းအခက်အခဲကို မည်သို့ဖြေရှင်းပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ ရေဒီယိုစခန်းရှိ စက်တပ်ဆင်ခြင်းလုပ်ငန်းသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်ခန့်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် GSM ရေဒီယိုစခန်း (၉၉)ခုအား ထပ်မံတည်ဆောက်သွားရန် လျာထားပါကြောင်း။

ထို့ပြင် Telenor Myanmar Limited အနေဖြင့် ဝေါမြို့နယ် ငှက်ချေဝင်းရပ်ကွက်တွင် တာဝါတိုင်တစ်တိုင်၊ ကျိုက်လှရပ်ကွက်တွင် တာဝါတိုင်တစ်တိုင် တည်ဆောက်ပြီးဖြစ်သည့်အပြင် ဝေါမြို့နယ် အပြင်ကန်တော်ရပ်တွင် တာဝါတိုင်တစ်တိုင်၊ ကွေးကြီးအုပ်စု ဖိုးစိန်နာစုကျေးရွာတွင် တာဝါတိုင်တစ်တိုင်နှင့် ညောင်ကန်ကျေးရွာတွင် တာဝါတိုင်တစ်တိုင် တည်ဆောက်လျက်ရှိပါကြောင်း။

အလားတူ Ooredoo Myanmar Limited မှလည်း ဝေါမြို့နယ် အောင်ချမ်းသာရပ်ကွက်တွင် တာဝါတိုင်တစ်တိုင်၊ ဧကရာဇ်ကျေးရွာတွင် တာဝါတိုင်တစ်တိုင်၊ ကြိုက်လှကျေးရွာတွင် တာဝါတိုင်တစ်တိုင်၊ အဗျာငှက်ချေဝင်းကျေးရွာတွင် တာဝါတိုင်တစ်တိုင်၊ ကွေးကြီးအုပ်စု ဖိုးစိန်နာစုကျေးရွာတွင် တာဝါတိုင်တစ်တိုင်နှင့် ဆီးဖြူကုန်းအုပ်စုတွင် တာဝါတိုင်တစ်တိုင် တည်ဆောက်လျက်ရှိပါကြောင်းနှင့် မြို့ပေါ်သာမက ကျေးလက်ဒေသအထိ မိုဘိုင်းတယ်လီဖုန်းကွန်ရက် လွှမ်းခြုံအသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။



ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ။



ဒုတိယဝန်ကြီး ဦးဝင်းသန်း။

နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးပေါခင်၏ **ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် သိမ်းဆည်းခံရသော ပြင်စည်ကျေးရွာ ကွင်းအမှတ် (၇၅၀/က)၊ ဦးပိုင်အမှတ် (၉၀)၊ ဧရိယာ (၄ ဒသမ ၅၂)ဧကကို မူလပိုင်ရှင်မှ ဆုံးရှုံးပြီး ကြားလူတစ်ယောက်က အကျိုးခံစားခွင့် ရရှိနေခြင်းကို မူလပိုင်ရှင်အား နစ်နာဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြင်စည်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် အဆိုပါအငြင်းပွားမှုအား မူလမြေယာမှုခင်း ဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နှစ်ဖက်အငြင်းပွားသူများနှင့် သက်သေများအား စစ်ဆေးခဲ့သည့်အပြင် အချင်းဖြစ်မြေနေရာသို့ ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အရ အချင်းဖြစ်မြေ (၄ ဒသမ ၅၂)ဧက အနက် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေသော(၃ ဒသမ ၁၇)ဧကကိုသာ ဦးအောင်ဝင်းအား လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားစေလျက် ဆက်လက်လုပ်ကိုင်ခွင့်ပြုရန်၊ (သုည ဒသမ ၉၂)ဧကကို လမ်းမြေကျင်း(ချောက်) ဧရိယာအဖြစ်ထားရှိရန်နှင့် ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေအခြားနည်းအသုံးပြုထားသည့် မြေ (သုည ဒသမ ၄၃) ဧကကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

အဆိုပါလယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုအား မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့မှ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည့်အပြင် လယ်ယာမြေဥပဒေအရ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြစ်ရေလွှဲပြောင်းသယ်ယူရေးစီမံကိန်း၊ မဟာစီမံချက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၁**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၁) ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာသော အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးမျိုးမြင့်၏ **မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီးရေနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်းသယ်ယူရေးစီမံကိန်း၊ မဟာစီမံချက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ ဒေါ်ခင်ဝိုင်းကြည်က ဆောင်ရွက်မည့်စီမံကိန်း၊ စီမံချက်များအတွက် ပြည်သူလူထုအပေါ်တွင် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် စီမံကိန်း၊ စီမံချက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံရှိ သဘာဝအရင်းအမြစ်များ၏ ဖွံ့ဖြိုးမှုကို စီမံခန့်ခွဲရာ၌ ယင်းနိုင်ငံရှိ ပြည်သူများအနေဖြင့် အကြီးမားဆုံးသောလူမှုရေးနှင့် စီးပွားရေးအကျိုးကျေးဇူးများကို ခံစားနိုင်ရန်ရည်ရွယ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ နားလည်မှု၊ ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှု၊ ညှိနှိုင်းမှု၊ သဘောတူညီမှု စသည်တို့ကိုလည်း အချိန်နှင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်နိုင်လျှင် ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်။

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) မှ ဦးစိုင်းစံမင်းက မြစ်ရေလွှဲပြောင်းသယ်ယူ အသုံးပြုစီမံကိန်းအပါအဝင် သံလွင်မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေး ပြေလည်မှုမရရှိသေးဘဲ ဆက်လက်ဆောင်ရွက်ပါက လက်ရှိငြိမ်းချမ်းရေး ဆောင်ရွက်နေမှု လမ်းကြောင်းလွဲနိုင်ပါကြောင်း၊ စီမံကိန်းများကြောင့် သံလွင်မြစ်တစ်လျှောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပြီး ငလျင်လှုပ်ခတ်ပါက ဘေးအန္တရာယ်ကျရောက်လာမည်ကိုလည်း ဒေသခံများက အထူးစိုးရိမ်လျက်ရှိနေကြပါကြောင်း၊ ထိုမြစ်ရေ လွှဲပြောင်းသယ်ယူခြင်းကြောင့် အကျိုးခံစားခွင့်ရရှိကြမည် ဖြစ်သော်လည်း ဆိုးကျိုးခံစားရမည့် တိုင်းရင်းသားအရေးကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျွဲခဲန်းက မြန်မာနိုင်ငံ၏ အရှေ့ပိုင်း၊ အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် သစ်ပင်များ ပြန်လည်ရှင်သန်လာစေရန် စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်သင့်ပါကြောင်း၊ သစ်ပင်များပြန်လည်ရှင်သန်ခြင်းဖြင့် မြစ်ရေများ နွေရာသီတွင် ရေလျော့နည်းခြင်းကို ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုကောင်းမွန်လာပြီး မြစ်ရေများ ပိုမိုများပြားလာမည်ဖြစ်သဖြင့် မြစ်ရေလွှဲပြောင်းသယ်ယူရေး စီမံကိန်းအား လတ်တလောဆောင်ရွက်ရန် မသင့်သေးပါကြောင်းဖြင့် ဆွေးနွေးသည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ယခင်ဆောင်ရွက်ပြီးစီးခဲ့သည့် ဆည်ရေသောက်စနစ်များမွမ်းမံပြင်ဆင်ခြင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် ဆည်မြောင်းစီမံကိန်းများ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး မြစ်ရေတင်လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်း၊ မြေအောက်ရေဖော်ထုတ်အသုံးပြုခြင်း စသည့်လုပ်ငန်းများကို နိုင်ငံတော်၏ အရင်းအနှီးနှင့်အတူ ပြည်ပထောက်ပံ့ငွေ၊ ချေးငွေအကူအညီနှင့် ခေတ်မီကျွမ်းကျင်မှုနည်းပညာ အကူအညီရယူ၍ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သရွေ့ အချိန်နှင့်အမျှ လက်တွေ့ကျသည့် အကျိုးသက်ရောက်မှုများရရှိနိုင်ပါသဖြင့် ဦးစွာ ပထမအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ စိုက်ပျိုးရေနှင့် သောက်သုံးရေ ထပ်မံတိုးတက်ရရှိရန် လိုအပ်လာပါက သံလွင်မြစ်တစ်လျှောက်ဆောင်ရွက်ရန်လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်းများ စူးစမ်းလေ့လာခြင်းတွင် စိုက်ပျိုးရေသယ်ယူရရှိနိုင်မည့် အလားအလာများကိုပါ ထည့်သွင်းလေ့လာသွားပြီး အဆိုအား နှစ်ရှည်မဟာစီမံကိန်းအဖြစ် ဆက်လက်ဆောင်ရွက်သွားသင့်ပါသဖြင့် လတ်တလောအခြေအနေတွင် မှတ်တမ်းတင်ထားရှိသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အဆိုအား လွှတ်တော်က အတည်မပြုကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

## (ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း
( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- )
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ"**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၂၊ ၆၃ နှင့် ၆၄ တို့ကို ပယ်ဖျက်ရမည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"(င) ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။"**

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"(င) အမျိုးသားလွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။"**

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ တွင်-

(က) ပုဒ်မခွဲ (ခ) ၏ ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"(ခ) X X X X X**

**(၁) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များထဲမှ ပုဒ်မခွဲ (က)ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊"**

(ခ) ပုဒ်မခွဲ(ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"(ဂ) နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ သဘောတူညီချက်ရယူရမည်။"**

(ဂ) ပုဒ်မခွဲ (ဈ) နှင့် (ည) တို့ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ည)၏ ပုဒ်မခွဲငယ် (၁) ကို ပယ်ဖျက်၍ ပုဒ်မခွဲငယ် (၂) ကို ပုဒ်မခွဲ (ည) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"(စ) ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ တပ်မတော်သားဖြစ်ပါက ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ည) ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်စေရမည်။"**

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၉ တွင် ပါရှိသော **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်"** ဆိုသည့်စကားရပ်ကို **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၏ ပုဒ်မခွဲ(ခ)၊ (ဂ)၊ (ဃ)နှင့် (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်နိုင်ရန်-**

**(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့်အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။**

**(၂) ဆန္ဒမဲဖြင့် ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။**

**(ဂ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့်ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်တာဝန်ပေးရမည်။**

**(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသော ပုဂ္ဂိုလ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက်ပေါ်ပေါက်ပါက နိုင်ငံတော် သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသော ပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်ရှိစေရမည်။**

**(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောတူညီချက် မရရှိသည့်ပုဂ္ဂိုလ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတထံ ထပ်မံတင်သွင်းခွင့်ရှိသည်။"**

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က) ၏ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"(က) X X X X X**

**(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များထဲမှ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။**

**(၂) လုံခြုံရေးရာနှင့်နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံရမည်။"**

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ခ) နှင့် (ည) ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိ ရွေးချယ်ထားသည့်ပုဂ္ဂိုလ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကိုစုစည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။**

**(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်များမှအပ အခြားတာဝန် များအတွက် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်း တောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော် သမ္မတထံ တင်ပြရမည်။"**

၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ တွင် -

(က) ပုဒ်မခွဲ(က) အောက်ပါအတိုင်းအစားထိုးရမည်-

**"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း သက်ဆိုင်ရာ လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။"**

(ခ) ပုဒ်မခွဲ(ခ) အောက်ပါအတိုင်းအစားထိုးရမည်-

**"(ခ) X X X XX**

**(၁) လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအားရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်း မပြုလျှင် တာဝန်မှရပ်စဲရမည်။ ခိုင်လုံသောအထောက်အထား အထင်အရှား မပြနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို ငြင်းပယ်ခွင့်မရှိစေရ။"**

၁၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော **"ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း"**ဆိုသည့်အစု ခေါင်းစဉ်ကို **"ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်တာဝန် ပေးအပ်ခြင်း"** ဆိုသည့်အစု ခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉ တွင် -

(က) ပုဒ်မခွဲ(ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စု တရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စု တရားသူကြီးချုပ် နှစ်ဦးအပါအဝင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ဦးရေ အနည်းဆုံးခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင်သည်။"**

**(ဂ) (၁) နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့က ဒုတိယပြည်ထောင်စု တရားသူကြီးတစ်ဦးစီရွေးချယ်ထားသည့် အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်။**

**(၂) ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စုတရားသူကြီးချုပ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဒုတိယအကြီးအမှူးများ ပါဝင်သည့်အဖွဲ့က စိစစ်ရမည်။**

**(၃) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော ပြည်ထောင်စုတရားသူကြီးချုပ် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ပြည်ထောင်စုတရားသူကြီးချုပ်လောင်းများဖြစ်သည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်သည့် ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ်တစ်ဦးကို ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ရမည်။**

**(၄) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် နှစ်ဦးတို့ ညှိနှိုင်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။**

**(၅) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက် အထင်အရှား ပေါ်ပေါက်ပါက ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများခန့်အပ်ရန် အမည်စာရင်း တင်သွင်းခံရသူများကို ငြင်းပယ်နိုင်ခွင့်ရှိစေရမည်။**

**(၆) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။**

**(၇) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များနှင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိသည့်ပုဂ္ဂိုလ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။"**

(ခ) ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

၁၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၃၀၀။ (က) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်။**

**(ခ) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။"**

၁၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော **"ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများ"** ဆိုသည့်အစုခေါင်းစဉ်ကို **"ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏အရည်အချင်းများ"** ဆိုသည့် အစုခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၁ တွင်-

(က) စာကိုယ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၃၀၁။ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည်**

စာမျက်နှာ ၉ သို့

## ဥပဒေကြမ်း

စာမျက်နှာ ၈ မှ

အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-"

(ခ) ပုဒ်မခွဲ (ဃ) ၏ ပုဒ်မခွဲငယ်(၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ)(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယူဆသူ။"

၁၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော **"ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း"** ဆိုသည့်အစုခေါင်းစဉ်ကို **"ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း"** ဆိုသည့် အစုခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၂ တွင် -

(က) ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"(က) နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်-"**

(ခ) ပုဒ်မခွဲ(က) ၏ ပုဒ်မခွဲငယ် (၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"(က) x x x xx**

**(၄) ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသောပြည်ထောင်စု တရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏အရည်အချင်း ပျက်ယွင်းခြင်း၊"**

၁၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၂ တွင်-

(က) ပုဒ်မခွဲ(ခ)၏ ပုဒ်မခွဲငယ် (၈) နှင့် (၉) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"(ခ) x x x xx**

**(၈) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။**

**(၉) ယင်းသို့ တင်ပြအစီရင်ခံသည့်အခါ နိုင်ငံတော် သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရား လွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်။"**

(ခ) ပုဒ်မခွဲ(ဂ)၏ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"(ဂ) x x x xx**

**(၂) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအား ရာထူးမှ ရပ်စဲရမည်။"**

၂၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၃၀၃။ (က) ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ရာထူး သက်တမ်းသည် အောက်ပါ အကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည်-**

**(၁) မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊**

**(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊**

**(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ် နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊**

**(၄) ကွယ်လွန်ခြင်း။**

**(ခ) အပိုဒ်ခွဲ(က)အရ ရာထူးသက်တမ်း ငါးနှစ်ကုန်ဆုံးသည့်အခါ ပြည်ထောင်စု တရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပြည်ထောင်စု တရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး အသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရမည်။**

**(ဂ) ပုဒ်မ ၃၀၃၊ ပုဒ်မခွဲ (က)ပါ အကြောင်းတစ်ရပ်ရပ် အရ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စု တရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးအသစ်အား ဖြည့်စွက်ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအသစ်၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် ပြည်ထောင်စု တရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၏ ကျန်ရှိသည့် ရာထူးသက်တမ်း ကုန်ဆုံးသည်အထိ ဖြစ်စေရမည်။"**

၂၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၃၁၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ၏ ရာထူးသက်တမ်းသည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည်-**

**(၁) မိမိသဘောအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊**

**(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်း ခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊**

**(၃) ဥပဒေအရသတ်မှတ်သောဆေးအဖွဲ့၏စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊**

**(၄) ကွယ်လွန်ခြင်း။**

**(ခ) ပုဒ်မခွဲ(က)အရ ရာထူးသက်တမ်းငါးနှစ် ကုန်ဆုံးသွားသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအသစ်များကို ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။**

**(ဂ) ပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က) ပါ အကြောင်းတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ရာထူး လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအသစ်များအား ဖြည့်စွက်ခန့်အပ် တာဝန်ပေးနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်အပ် တာဝန်ပေးခြင်းခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအသစ်များ၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၏ ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်စေရမည်။"**

၂၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၃၂၀။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့်အဖွဲ့ဝင်သုံးဦး စုစုပေါင်းရွေးချယ်ထားသည့် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ ညှိနှိုင်းရွေးချယ်ထားသည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။"**

၂၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"၃၂၄။ (က) ပုဒ်မ ၃၂၃ အရ ချမှတ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။**

**(ခ) အများပြည်သူနှင့်သက်ဆိုင်သော အရေးကြီးသည့် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ ၃၂၄(က)အရ ချမှတ်သော ဆုံးဖြတ်ချက်မှအပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်စိစစ် ဆုံးဖြတ်ပေးရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တင်ပြလာလျှင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြန်လည်စိစစ်ဆုံးဖြတ်ပေးနိုင်သည်။"**

၂၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃၊ ပုဒ်မခွဲ(ဃ) ၏ ပုဒ်မခွဲငယ်(၄) ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"(ဃ) (၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယူဆသူ။"**

၂၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(ခ) ကို ပယ်ဖျက်ရမည်။

၂၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံးငါးဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။"**

၂၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"(က) ဥပဒေနှင့်အညီ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း။"**

၂၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂၊ ပုဒ်မခွဲ(ဂ) ကို ပယ်ဖျက်ရမည်။

၂၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့် -

**"(က) ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍခွဲ၌ပါရှိသော အမှတ်စဉ်(၄)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-**

(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊

(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊

(ဎ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊

(ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊

(ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်းရယူခြင်း၊

(ဒ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက်ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့ရယူခြင်း။

စာမျက်နှာ ၁၀ သို့

## ဥပဒေကြမ်း

စာမျက်နှာ ၉ မှ

(ခ) စီးပွားရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဂ)၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊
(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်း။

(ဂ) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ပါရှိသော အမှတ် စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊
(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊
(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်း၊
(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်း၊
(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့် မိုးလေဝသလုပ်ငန်း။

(ဃ) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၌ပါရှိသော အမှတ်စဉ်(င)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
(စ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သော သယံဇာတများကို အချိုးအစားသတ်မှတ်ပေးရေး၊
(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊
(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်းအလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊
(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊
(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှအပ ကျန်သစ်များ၊
(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီမံခန့်ခွဲခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး။

(င) စက်မှုလက်မှုကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ခ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။

(စ) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဂ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
(ဃ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊
(င) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
(စ) ပြည်ထောင်စုက စီမံခန့်ခွဲသည့်လုပ်ငန်းများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ခွင့်ရှိသော စက်လှေနှင့် သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊
(ဆ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး၊
(ဇ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက် အအုံများ။

(ဆ) လူမှုရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဆ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
(ဇ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာကျောင်းများ၊ စီမံရေးကိစ္စရပ်များ၊
(ဈ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊
(ည) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှော ထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊
(ဋ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊
(ဌ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊
(ဍ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ။

(ဇ) စီမံခန့်ခွဲရေးကဏ္ဍ၌ပါရှိသော အမှတ်စဉ်(ဂ)၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
(ဃ) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရသည့် ယစ်မျိုးစီမံခန့်ခွဲခွင့်ဆိုင်ရာ ကိစ္စရပ်များ၊
(င) ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ။”

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)တွင် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများ စာရင်း၌ပါရှိသော အမှတ်စဉ် ၁၉ ၏ အောက်တွင် အောက်ပါတို့ကို ဖြည့်စွက်ရမည်-

“၂၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာ အခွန်အခများ၊
၂၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာ အခွန်အခများ၊
၂၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာ အခွန်အခများ၊
၂၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊
၂၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်အကောက်အခွန်ဆိုင်ရာအခွန်အခများ၊
၂၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊
၂၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊
၂၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊
၂၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊
၂၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ၊
၃၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊
၃၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊
၃၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု (၁) အမျိုးအစားတွင် ပါဝင်သော သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှအပ ကျန်သစ်အမျိုးအစားများနှင့်သက်ဆိုင်သည့် အခွန်အခများ၊
၃၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊
၃၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိ သည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊
၃၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာအခွန်အခများ၊
၃၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊
၃၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊
၃၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊
၃၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများ။”

## ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်/မယ် ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၁**

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်ရေးကို ရည်ရွယ်၍ အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဇွန် ၁၄ ရက်နံနက် ၉ နာရီမှ စတင်၍ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသား ကာယဗလမောင်ပြိုင်ပွဲတွင် ကီလို (၆၀)၊ (၆၅)၊ (၇၀)နှင့် (၇၀)အထက်တန်းဟူ၍ ခွဲခြားထားပြီး အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ငါးပေ သုံးလက်မအောက်၊ ငါးပေ သုံးလက်မအထက်နှင့် လူသစ်တန်းဟူ၍ ခွဲခြားထားသည်။ ပြိုင်ပွဲဝင်လိုသူများသည် ရန်ကုန်တိုင်းဒေသကြီး အားကစားမှူး ဒေါ်မြမင်းမင်းမူ ဖုန်း-၀၉-၄၂၀၁၁၂၄၀၈ နှင့် တွဲဖက်ဦးကျော်ညီညီလွင် ဖုန်း-၀၉-၈၆၃၆၄၅၃တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

## မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးဟောပြော

**ရန်ကုန် ဇွန် ၁၁**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲ အခမ်းအနားကို ယနေ့တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စန်းမြိုင်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

အခမ်းအနားတွင် ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်များကို ပြသပြီး မူးယစ်ဆေးဝါးပညာပေး လက်ကမ်းစာစောင်များကို ဝေငှကြောင်း သိရသည်။

**အေးသန်း(ဒေါပုံ)**

## သေနတ်ပစ်ပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် ဇွန် ၁၁

၂၀၁၅ ခုနှစ်၏ အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း ဒဂုံမြို့သစ် မြောက်ပိုင်း၌ ဇွန် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ သိရသည်။

ပြိုင်ပွဲတွင် လေပစ္စတို ၁၀ မီတာ (အမျိုးသား/အမျိုးသမီး)နှစ်တန်း၊ လေရိုင်ဖယ် ၁၀ မီတာ (အမျိုးသား/ အမျိုးသမီး)နှစ်တန်း စုစုပေါင်းလေးတန်းကို အလွတ်တန်း/လူသစ်တန်းခွဲခြားကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးလျှင် နှစ်မျိုးဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းမှ စိတ်ပါဝင်စားသည့် သေနတ်ပစ်အားကစားသမားများအနေဖြင့် ပြိုင်ပွဲနှင့် ပတ်သက်၍ ဇွန် ၁၈ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် ဖုန်း ၀၁-၈၀၁၁၀၇၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ခင်မောင်ဝင်း**

၁၁-၆-၂၀၁၅ ရက်နေ့ မြန်မာ့အလင်း၊ ကြေးမုံ နေ့စဉ်ထုတ်သတင်းစာများတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဥပဒေကြမ်းအား လေ့လာရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းပါ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ချက်ဇယားကို အခန်းဆက်ဖော်ပြသွားမည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပြင်ဆင်သည့်ဥပဒေကြမ်း နှိုင်းယှဉ်ဇယား

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း | မှတ်ချက် |
|---|---|---|---|
| ၁ | **ပုဒ်မ ၅၉ (ဃ)**<br>နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ **စစ်ရေး** စသည့် အမြင်များရှိရမည်၊ | **ပုဒ်မ ၅၉ (ဃ)**<br>နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ **ကာကွယ်ရေး** စသည့် အမြင်များရှိရမည်။ | |
| ၂ | **ပုဒ်မ ၅၉ ( စ )**<br>မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါး သော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီးတစ်ဦးဦး သော်လည်းကောင်း၊ **ထိုတရားဝင် သားသမီးတစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း** နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာ **တော်** ကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများမဖြစ်စေရ၊ | **ပုဒ်မ ၅၉ ( စ )**<br>မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါး သော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်း သော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီးတစ်ဦးဦး သော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသား ဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့် ရှိသူများ မဖြစ်စေရ။ | |
| ၃ | **ပုဒ်မ ၆၀ (ဂ)**<br>ယင်းအစုအဖွဲ့ တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို **လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှ ဖြစ်စေ** ရွေးချယ်တင်မြှောက်ရမည်၊ | **ပုဒ်မ ၆၀ (ဂ)**<br>ယင်းအစုအဖွဲ့ တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို **ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ** ရွေးချယ်တင်မြှောက်ရမည်။ | |
| ၄ | **ပုဒ်မ ၄၁၈ ( ခ )**<br>ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ **ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ** နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များ၏သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | **ပုဒ်မ ၄၁၈ ( ခ )**<br>ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ **ထူးခြားသောအခြေအနေကို ဖြေရှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြွင်းချက်ပြုပြီး** နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီး အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား တာဝန်မှရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | |
| ၅ | **ပုဒ်မ ၄၃၆ (က)**<br>ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅)ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် **ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်**က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏** ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်၊ | **ပုဒ်မ ၄၃၆ (က)**<br>ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅)ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် **ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ် ရာခိုင်နှုန်းအောက်မလျော့သော လွှတ်တော်ကိုယ်စားလှယ်များ**က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ **ဆန္ဒမဲပေးသူအားလုံး၏** ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | |
| ၆ | **ပုဒ်မ ၄၃၆ ( ခ )**<br>ပုဒ်မခွဲ (က) တွင် ဖော်ပြထား**သည့်** ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်** ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | **ပုဒ်မ ၄၃၆ ( ခ )**<br>ပုဒ်မခွဲ (က) တွင် ဖော်ပြထား**သော** ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို **ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ခုနစ်ဆယ်ရာခိုင်နှုန်းအောက် မလျော့သော လွှတ်တော်ကိုယ်စားလှယ်များ၏** ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။ | - |

(ဆက်လက်ဖော်ပြပါမည်)

# မဟာမဲခေါင်ဒေသခွဲနိုင်ငံများ စီးပွားရေးစင်္ကြံဖိုရမ်ဖွင့်ပွဲကျင်းပ




**ကူမင်း ဇွန် ၁၁**

(၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ စီးပွားရေးစင်္ကြံဖိုရမ်ဖွင့်ပွဲကို ဇွန် ၁၁ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ယူနန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါ စီးပွားရေးစင်္ကြံဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကောင်းဟိုချိန်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒုတိယဥက္ကဋ္ဌ Mr.Stephen Groff တို့က ဦးစီးကျင်းပခြင်းဖြစ်သည်။ ယင်းအစည်းအဝေးသို့ သက်ဆိုင်ရာနိုင်ငံ (၆)နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ဒေသတွင်းနိုင်ငံများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ခရီးသွားလုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အစရှိသည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ပါဝင်ကြသည်။ ယခုအချိန်တွင် ၂၁ ရာစု ပိုးလမ်းမကြီးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက မြန်မာနိုင်ငံအနေဖြင့်လည်း GMS ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ စီးပွားရေးစင်္ကြံပိုမိုကောင်းမွန်လာစေရန် တခြားနိုင်ငံများနှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မည်သာမက ဖွံ့ဖြိုးတိုးတက်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းတွေမှာလည်း အရှိန်အဟုန်မြှင့် လက်တွေ့ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လာမည့် စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်တွင် ကျင်းပမည့် အကြိမ်(၂၀)မြောက် GMS အကြီးအကဲများ အစည်းအဝေးအတွက် လိုအပ်သည်များ ကြိုတင်စီစဉ်နေပြီဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၂ ခုနှစ်တွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ စီးပွားရေးစင်္ကြံဖိုရမ်ကိုစတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် (၅)ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်ရလဒ်အရ မြစ်ဝှမ်းဒေသတွင် တိုးတက်ပြောင်းလဲမှုကို ပိုမိုအထောက်အကူဖြစ်စေရန်အတွက် သယ်ယူရေးစင်္ကြံဖိုရမ်တွင်းမှ စီးပွားရေးစင်္ကြံဖိုရမ်သို့ တစ်နှစ်ထက် တစ်နှစ် တိုးတက်ကောင်းမွန်အောင် ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခင်ဇာလီ)**

# တရုတ်နိုင်ငံလုံခြုံရေးအကြီးအကဲဟောင်းအား ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်



**ပေကျင်း ဇွန် ၁၁**

တရုတ်နိုင်ငံတရားရုံးတစ်ရုံးက လုံခြုံရေးအကြီးအကဲဟောင်း ကျောက်ယောင်ကန်အား အကျင့်ပျက်ချစားမှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်လိုက်ပြီဖြစ်ကြောင်း သတင်းများအရသိရသည်။

ကျောက်ယောင်ကန်သည် လာဘ်စားမှု၊အာဏာအလွဲသုံးစားလုပ်မှု၊ နိုင်ငံ၏ထိပ်တန်းလျှို့ဝှက်ချက်များသတင်းပေါက်ကြားစေမှု စသည့်အကျင့်ပျက်မှုများကျူးလွန်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ၏ကွန်မြူနစ်စည်းမျဉ်းနှင့်အညီ ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခံရခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် ၎င်းပင်စင်ယူခဲ့သည့်အချိန်ထိ ကျောက်ယောင်ကန်သည် တရုတ်နိုင်ငံ၏ ဩဇာတိက္ကမကြီးမားလွန်းသည့် ခေါင်းဆောင်များအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်၏ နိုင်ငံတစ်ဝန်း အကျင့်ပျက်မှုတိုက်ဖျက်ရေးအစီအစဉ် စတင်အကောင်အထည်ဖော်ဆောင်ခဲ့သည့် လွန်ခဲ့သော တစ်နှစ်မှစပြီး ကျောက်ယောင်ကန်အား စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

တရုတ်နိုင်ငံမြောက်ပိုင်းရှိ တိုင်ဂျန်းမြို့၏ တရားရုံးတွင် အမှုစစ်ဆေးစဉ် ကျောက်ယောင်ကန်က မည်သည့်အသနားခံမှုကိုမျှ ၎င်းအနေဖြင့်အယူခံဝင်ရန် ဆန္ဒမရှိကြောင်း တရားရုံးတွင်ပြောဆိုသည်ကို နိုင်ငံပိုင်ရုပ်သံအစီအစဉ်တစ်ခုက ထုတ်လွှင့်ပြသခဲ့သည်။

'ကျွန်တော့်လုပ်ရပ်ကြောင့် ပါတီနဲ့နိုင်ငံသားတို့အပေါ် ထိခိုက်မှုတွေရှိခဲ့တဲ့အတွက် အလွန်ပဲဝမ်းနည်းမိပါတယ်။ နောင်တလည်းရမိပါတယ်' ဟု ကျောက်ယောင်ကန်ကဆိုသည်။

**ဆင်ဟွာ။**

# ဖီဖာရုံးချုပ်မှကွန်ပျူတာအချက်အလက်များဆွစ်ဇာလန်အာဏာပိုင်တို့သိမ်းဆည်း



**ဇူးရစ် ဇွန် ၁၁**

၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိရန် ဆောင်ရွက်ခဲ့ခြင်း အပေါ် စုံစမ်းစစ်ဆေးလျက်ရှိသည့် ဆွစ်အာဏာပိုင်များထံသို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ကွန်ပျူတာအချက်အလက်များကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

ဖီဖာဥက္ကဋ္ဌ ဆတ်ဘလတ္တာ၏ ရုံးခန်းအပါအဝင် ဇူးရစ်မြို့ရှိ ဖီဖာအဖွဲ့၏ ရုံးခန်းများမှ သတင်းအချက်အလက်များကို အာဏာပိုင်များက သိမ်းဆည်းကြခြင်းဖြစ်သည်ဟု ဆိုသည်။ အာဏာပိုင်များနှင့် အပြည့်အဝ ပူးပေါင်းလုပ်ဆောင်ကြောင်း ဖီဖာက ပြောသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် မည်သို့ရွေးချယ်ခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဆွစ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု အက်ဖ်ဘီအိုင်ကလည်း ဖီဖာ၏ အဂတိလိုက်စားမှုကို စုံစမ်းဖော်ထုတ်လျက်ရှိရာ ယခုအချိန်အထိ ၁၄ ဦးကို စွဲချက်တင်ထားပြီး ကိုးဦးမှာ ဖီဖာတွင် လက်ရှိတာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အနားယူထားသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဖီဖာ အထွေထွေအတွင်းရေးမှူး ဂျဲရိုးမဲဗောလ်ကဲနှင့် ဘဏ္ဍာရေးဌာနအကြီးအကဲ မားကတ်(စ်)ကတ်နားတို့၏ ကွန်ပျူတာမှတ်တမ်းများကို ဆွစ်ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးခဲ့သည်ဟု ယုံကြည်ရသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်နိုင်ငံရွေးချယ်ပွဲကို ရွှေ့ဆိုင်းလိုက်သည်။ ယခုကဲ့သို့သော အခြေအနေတွင် ၎င်းရွေးချယ်ပွဲကို ကျင်းပခြင်းမှာ အဓိပ္ပာယ်မရှိသော လုပ်ရပ်သာဖြစ်မည်ဟု မစ္စတာ ဗောလ်ကဲက ပြောကြားသည်။

**ရိုက်တာ။**

# အာဖဂန်နိုင်ငံ သတင်းဌာနတစ်ခုတွင် ဗုံးတစ်လုံးပေါက်ကွဲ

**ဂျလာလာဘတ် ဇွန် ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်အရှေ့ပိုင်းရှိ သတင်းဌာနတစ်ခုဖြစ်သည့် ပတ်ဂျ်ဝေါ့ရုံးခန်းတစ်ခု၌ ဇွန်လ ၁၁ ရက်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက သတင်းဖော်ပြသည်။

အဆိုပါသတင်းဌာနတွင် ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ မည်သည့်အဖွဲ့ကလုပ်ဆောင်သည်ကို မသိရသေးကြောင်း သိရသည်။ ပတ်ဂျ်ဝေါ့မှ အယ်ဒီတာချုပ် ဒန်နစ်ရှ်ကာရီခီလ်က စစ်သွေးကြွများထံမှ ၎င်းတို့ဖော်ပြသည့် အကြမ်းဖက်မှုဖြစ်စဉ်သတင်းများနှင့် ပတ်သက်၍ သဘောမကျသည့်အတွက် ခြိမ်းခြောက်စာများ မကြာခဏ လက်ခံရရှိကြောင်း ရိုက်တာသတင်းဌာနကို ပြောကြားသည်။

၎င်းက သတင်းထောက်များအား ပိုမိုကာကွယ်မှုပေးရန် အစိုးရကို တိုက်တွန်းထားပြီး ပါတီဝင်အားလုံးကိုလည်း ပြည်တွင်းပဋိပက္ခတွင် ပြဿနာများမဖန်တီးကြရန် တောင်းဆိုထားသည်။

နန်ဂါဟာပြည်နယ် အစိုးရ၏ ပြောခွင့်ရပုဂ္ဂိုလ် အာမက်ဇီယာ အဗ ဒလ်ဇိုင်းက ရဲတပ်ဖွဲ့သည် အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း၊ သတင်းဌာန တိုက်ခိုက်ခံရသည့်အကြောင်းအရင်းကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း ပြောကြားသည်။

၂၀၁၄ခုနှစ်က နိုင်ငံအတွင်း နိုင်ငံခြားတပ်ဖွဲ့ဝင်အများစု ရုပ်သိမ်းသွားသည့်အချိန်ကတည်းက အာဖဂန်နစ္စတန်နိုင်ငံမီဒီယာအသိုက်အဝန်းတွင် စာနယ်ဇင်းကန့်သတ်ချက်များရှိလာခဲ့ပြီး စစ်သွေးကြွများ၏တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများမြင့်တက်လာခဲ့သည်။

**ရိုက်တာ။**

# တိုကျို ကုန်သည်/စက်မှုအဖွဲ့ချုပ်၏ ကွန်ပျူတာစနစ် ဗိုင်းရပ်စ်တိုက်ခိုက်ခံရ

**တိုကျို ဇွန် ၁၁**

ဂျပန်နိုင်ငံရှိ တိုကျို ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၏ အဖွဲ့ဝင် ကုမ္ပဏီများမှ အများစုဖြစ်သည့် လူ ၁၂၀၀၀ ကျော်နှင့် သက်ဆိုင်နေသော ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခဲ့ဖွယ်ရှိကြောင်း၊ ကွန်ပျူတာဗိုင်းရပ်စ် တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ယင်းဖြစ်ရပ်ပေါ် ပေါက်ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ၏ ပင်စင်ဌာန၌ သတင်းအချက်အလက်များ အကြီးအကျယ် ပေါက်ကြားသည့်ဖြစ်ရပ် မကြာသေးမီက ဖြစ်ပွားခဲ့ပြီးနောက် တိုကျိုကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်၏ ကွန်ပျူတာများ ဗိုင်းရပ်စ်တိုက်ခိုက်ခံခဲ့ရကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါအဖွဲ့ချုပ်က ကမကထပြု ကျင်းပသော နှီးနှောဖလှယ်ပွဲများသို့ တက်ရောက်ခဲ့ကြသူများ၏ အမည်များ၊ နေရပ်လိပ်စာနှင့် အီးမေးလ် လိပ်စာများ ပါဝင်သည့် သတင်းအချက်များ ပေါက်ကြားခဲ့ဖွယ်ရှိသည်ဟုဆို၏။

တိုကျို ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တွင် မြို့တော်တိုကျိုရှိ ရပ်ကွက် ၂၃ ခုမှ အသေးစားနှင့် အလတ်စားကုမ္ပဏီများမှ ပုဂ္ဂိုလ်များအဖွဲ့ဝင်များအဖြစ် ပါဝင်သည်။

ဘဏ်ငွေစာရင်းကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်များမှာမူ ကွန်ပျူတာ ဗိုင်းရပ်စ်ကြောင့် ပျက်စီးမှုမရှိခဲ့ပေ။

အဆိုပါ အဖွဲ့ချုပ်၏ ကွန်ပျူတာစနစ်ကို လေ့လာစောင့်ကြည့်နေသည့် အဖွဲ့အစည်းတစ်ရပ်က ကွန်ပျူတာစနစ်အတွင်း မသင်္ကာဖွယ်ရာ လှုပ်ရှားမှုတစ်ရပ် ဖြစ်ပေါ်နေသည်ကို ထောက်လှမ်းတွေ့ရှိခဲ့သည်။ ယခုအခါ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ကျိုဒို။**

# ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် မူးယစ်ဆေးသုံးစွဲသူဦးရေ မြင့်တက်

**ဟိုချီမင်း ဇွန် ၁၁**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ ၁၉၂၀၀ ကျော်ခန့်ရှိကြောင်း၊ ယင်းမှာ ငါးနှစ်တာကာလအတွင်း နှစ်ဆကျော် တိုးတက်လာခြင်းဖြစ်ကြောင်း ယင်းမြို့တွင် ထုတ်ဝေသော လူငယ်အမည်ရှိ အွန်လိုင်းသတင်းစာက ရေးသားဖော်ပြသည်။

အတည်မပြုနိုင်သော မူးယစ်ဆေးသုံးစွဲသူဦးရေမှာမူ အဆိုပါကိန်းဂဏန်း၏ ၅၀ သို့မဟုတ် ၇၀ ရာခိုင်နှုန်းအထိရှိပြီး ယင်းတို့အနက် မူးယစ်ဆေးစွဲသူများ ကုသရေးစခန်းများမှထွက်ပြေးသူ ဦးရေ ၅၇၂၄ ဦး ပါဝင်ကြောင်း ဟိုချီမင်းမြို့ စည်ပင်သာယာ ရဲတပ်ဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ငုယင်စီဟောင်း၏ ပြောကြားချက်ကို ကိုးကားလျက် အဆိုပါ သတင်းစာက ဖော်ပြသည်။

မီသာဖက်တမင်း ဆေးဝါးသုံးစွဲသူ အရေအတွက် တိုးမြင့်လာပြီး မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရာဇဝတ်မှုခင်းများ တိုးပွားလာနိုင်ကြောင်း၊ အများပြည်သူစုဝေးရာ နေရာဖြစ်သည့် အရက်ဆိုင်များ၊ ကလပ်များနှင့် ဟိုတယ်များ၌ မူးယစ်ဆေးဝါးသုံးစွဲမှု တိုးပွားလာနေကြောင်း ၎င်းက ပြောကြားသည်။

မူးယစ်ဆေးဝါးသုံးစွဲသူအဖြစ် မှတ်ပုံတင်ထားသည့် လူပေါင်း ၁၉၂၀၀ အနက် ၇၈ရာခိုင်နှုန်းနီးပါးမှာ မူးယစ်ဆေးဝါးသုံးစွဲမှုကုသရေးစခန်းများ၌ ကုသမှုခံယူခဲ့ပြီးနောက်ဆေးဝါးများကို ပြန်လည်သုံးစွဲကြသည်ကို တွေ့ရကြောင်း ဟိုချီမင်းရဲတပ်ဖွဲ့၏ စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

မူးယစ်ဆေးဝါးသုံးသူများအနက် ၉၀ရာခိုင်နှုန်းမှာအမျိုးသားများဖြစ်ပြီး ၇၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များ သို့မဟုတ် အလုပ်အကိုင်အခြေအနေ တည်ငြိမ်မှုမရှိသူများဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးသူဦးရေ၏ ၆၇ ရာခိုင်နှုန်းကျော်မှာ အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများ ချိုးဖောက်မှုဖြင့် ဒဏ်ငွေရိုက်ခံရခြင်း (သို့မဟုတ်) ရာဇဝတ်ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံရခြင်းရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

❑






# (၂၈) ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများ၏ ပြိုင်ပွဲဝင်ပုံရိပ်များကို ကြေးမုံပရိသတ်ထံ ဝေမျှလိုက်ရပါသည် . . . .

## မြန်မာလူငယ် ဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ Burapha Golf & Resort ၌ ကျင်းပမည့် Mercedes-Benz Junior Golf Championships Asian Master Final 2015 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန် ဦးဆောင်၍ မြန်မာ့လူငယ်လက်ရွေးစင်များအဖြစ် ထွန်းသူရိန်၊ သီဟမျိုးဆက်၊ စိုင်းအောင်စိုင်ဖ၊ ရဲထက်လှိုင်၊ လှိုင်မင်းထက်၊ ဇင်အောင်မင်း၊ အမျိုးသမီးလူငယ်လက်ရွေးစင်များအဖြစ် သံလွင်မိုးသက်၊ ဝင့်ဖူးနဒီအောင်နှင့် ပွင့်ဖူးနဒီခိုင်တို့ လိုက်ပါသွားကြောင်း သိရသည်။ **(ကြေးမုံ)**

## စင်ကာပူဆီးဂိမ်း သတင်းတိုများ

- ***စင်ကာပူရဲများက ဆီးဂိမ်းဘောလုံးပွဲ လက်မှတ်အတုရောင်းချသူနှစ်ဦးအား ဖမ်းဆီးခဲ့သည်။***
- ***ထိုင်းအသင်းက ဗီယက်နမ်အသင်းအား ဆီးဂိမ်းပြိုင်ပွဲတွင် အနိုင်ကစားနိုင်ခဲ့ပြီးနောက် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဗီယက်နမ်လက်ရွေးစင်အသင်းအား ထိုင်းလက်ရွေးစင်အသင်းက ထပ်မံအနိုင်ယူပြနိုင်ဦးမည်ဟု ထိုင်းနည်းပြက ကြွေးကြော်ခဲ့သည်။***
- ***ဖိလစ်ပိုင် အသင်းသည် လက်ဝှေ့ပြိုင်ပွဲမှ ရွှေတံဆိပ်ငါးဆုထိ ရရှိခဲ့ပြီးဖြစ်သည်။***
- ***မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် တားမြစ်ခံထားရသော မလေးရှားကြက်တောင်ကစားသမား လီချောင်ဝီသည် ပြန်လည်ကစားခွင့်ရသောယခုနှစ်ဆီးဂိမ်းမှာပင် ရွှေတံဆိပ်ဆုကို ကစားချိန် ၁၃ မိနစ်အတွင်း ရရှိခဲ့သည်။***
- ***စင်ကာပူနိုင်ငံသူ ရှန်တီပရဲရားက မီတာ၂၀၀ပြေးပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သည်။***



## အင်ဒိုနီးရှားနှင့် ကစားခဲ့သည့်ပွဲမှာ မြန်မာအသင်း၏အကောင်းဆုံးပွဲဖြစ် စည်သူအောင်ကို ဆီးဂိမ်းအကောင်းဆုံးကစားသမားများထဲမှ တစ်ယောက်အဖြစ်ရွေးချယ်

အုပ်စု(က)မြန်မာအသင်းကစားခဲ့သော အုပ်စုပွဲစဉ်လေးပွဲတွင် အင်ဒိုနီးရှားနှင့်ကစားခဲ့သည့်ပွဲမှာ မြန်မာအသင်းအတွက် အကောင်းဆုံးပွဲဖြစ်သည်ဟု ဂိုးလ်က သုံးသပ်ပေးခဲ့သည်။ အဆိုပါပွဲတွင် မြန်မာအသင်းမှာ ပွဲအစအဆုံးကစားအားမချဘဲ တိုက်စစ်ဖွင့်ကစားခဲ့သလို အင်ဒိုနီးရှားအသင်းအား သေသပ်သောတိုက်စစ်ဖြင့် ပွဲချိန်ပြည့်စိုးမိုးထားနိုင်ကြောင်းလည်း ဆက်လက်ဖော်ပြခဲ့သည်။

မြန်မာအသင်း၏အဆိုပါပွဲတွင်ရရှိခဲ့သော ယုံကြည်မှုက နောက်ပိုင်းပွဲစဉ်များကိုပါ တွန်းအားတစ်ရပ်ဖြစ်စေခဲ့ပြီး မြန်မာအနေဖြင့် အချိန်မရွေးဂိုးသွင်းနိုင်စွမ်းရှိသည်ကို ဖိလစ်ပိုင်နှင့်ပွဲတွင် ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် ချေပဂိုးနှင့် အနိုင်ဂိုးများပြန်လည်သွင်းယူခဲ့ခြင်း၊ ကမ္ဘောဒီးယားနှင့်ပွဲတွင် ပွဲချိန်သုံးမိနစ်အတွင်း ချေပဂိုးနှစ်ဂိုးဆက်တိုက်သွင်းယူခဲ့ခြင်းတို့ကို ကြည့်၍သိရှိနိုင်မည်ဖြစ်သည်ဟု စင်ကာပူအွန်လိုင်းသတင်းများတွင် ရေးသားထားသည်။

ထို့ပြင် မြန်မာအသင်းမှစည်သူအောင်မှာရွေ့လျားမှု၊ ဂိုးသွင်းသေသပ်မှုနှင့် ဘယ်ခြေညာခြေနှစ်ဖက်စလုံးသုံးကာ ကစားနိုင်မှုတို့က ဆီးဂိမ်းအကောင်းဆုံးကစားသမားစာရင်းတွင် ထည့်သွင်းရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ စည်သူအောင်မှာ ယခုနှစ် စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင် လေးပွဲကစား သွင်းဂိုးလေးဂိုးသွင်းယူကာ တောက်လျှောက်ခြေစွမ်းပြနေသော ကစားသမားလည်းဖြစ်သည်။

**မေလဲ့သင်း စုစည်းရေးသားသည်**

## ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | စင်ကာပူ | ၆၆ | ၅၈ | ၆၉ | ၁၉၃ |
| ၂ | ဗီယက်နမ် | ၅၇ | ၃၁ | ၅၀ | ၁၃၈ |
| ၃ | ထိုင်း | ၅၅ | ၆၂ | ၄၉ | ၁၆၆ |
| ၄ | မလေးရှား | ၃၂ | ၃၃ | ၄၃ | ၁၀၈ |
| ၅ | အင်ဒိုနီးရှား | ၂၉ | ၃၄ | ၄၆ | ၁၀၉ |
| ၆ | ဖိလစ်ပိုင် | ၂၂ | ၂၇ | ၄၁ | ၉၀ |
| ၇ | မြန်မာ | ၁၁ | ၂၁ | ၂၅ | ၅၇ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၄ | ၅ | ၁၀ |
| ၉ | လာအို | ၀ | ၃ | ၁၃ | ၁၆ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမော | ၀ | ၀ | ၁ | ၁ |

## ပရိသတ်မြောက်မြားစွာ မကြည့်ရဘဲ လှည့်ပြန်ခဲ့ရတဲ့ ထိုင်း-ဗီယက်နမ်ပွဲစဉ်

ထိုင်းနှင့်ဗီယက်နမ်တို့၏ အုပ်စု(ခ)ပွဲစဉ်တွင် ပရိသတ်ရာပေါင်းများစွာတို့သည် လက်မှတ်အတုများကြောင့် ပွဲကိုမကြည့်ရဘဲ ပြိုင်ပွဲကျင်းပရာ ဘစ်ရှန်ကွင်းဝမှ လှည့်ပြန်ခဲ့ကြရသည်။ အဆိုပါပရိသတ်များသည် ပွဲလက်မှတ်များကိုအချိန်မီဝယ်ယူနိုင်ခြင်းမရှိခဲ့ဘဲ လက်မှတ်များအားလုံး ကုန်သွားသည့်အချိန်မှပင် လက်မှတ်အတုများကို မှောင်ခိုဈေးကွက်မှ မှားယွင်းဝယ်ယူမိခဲ့ကြခြင်းကြောင့် ဖြစ်သည်။

ပြိုင်ပွဲတာဝန်ရှိသူများက "ကျွန်တော်တို့လက်မှတ်တွေကို မျက်စိနဲ့ကြည့်ရုံ စစ်ဆေးခဲ့တာမျိုးမဟုတ်ဘဲ အီလက်ထရွန်နစ်နည်းနဲ့ပါ ထပ်မံစစ်ဆေးပြီးမှ အတည်ပြုပေးခဲ့တာပါ။ ရာနှုန်းပြည့်မှန်ကန်မှုရှိအောင်ပေါ့။ ပွဲကြည့်ခွင့်မရတဲ့သူတွေရဲ့ လက်မှတ်တွေက မိတ္တူပွားတဲ့လက်မှတ်အတုတွေပါ။ ဒါကြောင့် ပရိသတ်ရာပေါင်းများစွာဟာ ပွဲမကြည့်ရဘဲဝင်ပေါက်ကနေလှည့်ပြန်ခဲ့ရတာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ထိုင်းနှင့်ဗီယက်နမ်တို့၏ပွဲစဉ်မှာ အုပ်စု(ခ)၏ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်ခြင်းကြောင့် လက်မှတ်များမှာ အစောပိုင်းကာလကပင် အကုန်အစင်ရောင်းချခဲ့ရပြီးဖြစ်သည်။ လက်မှတ်အတုများမှာ အရေအတွက် ၃၀၀ နီးပါးခန့်အထိရှိနေပြီး ယင်းသို့သောပြဿနာများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် စင်ကာပူရဲများက အပူတပြင်းရှာဖွေစုံစမ်းလျက်ရှိသည်။

## အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် စင်ကာပူက မြန်မာအားအနိုင်ယူ

ဇွန် ၉ ရက်ကယှဉ်ပြိုင်ခဲ့သည့် အိမ်ရှင် စင်ကာပူအသင်းနှင့် မြန်မာအသင်းတို့၏ အမျိုးသားဘတ်စကက်ဘောပွဲစဉ်တွင် အိမ်ရှင်စင်ကာပူက မြန်မာအား ၁၃၁-၃၃ဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲချိန်အစမှအဆုံး စင်ကာပူအသင်းကပဲ ပွဲကိုလွှမ်းမိုးထားနိုင်ခဲ့ပြီး မြန်မာအသင်းမှာ စင်ကာပူ ၁၂ မှတ်ရသည်အထိ အမှတ်တစ်မှတ်မှမရရှိခဲ့ပေ။ ပွဲချိန်၁၀မိနစ်မှာပင် စင်ကာပူက ၄၁-၁၀ ဖြင့် ပြတ်ပြတ်သားသားဦးဆောင်နိုင်ခဲ့ပြီး နောက်ပိုင်းပွဲချိန်များတွင် အရန်ကစားသမားများကို ထည့်သွင်းကာ ပွဲကိုထိန်းကျောင်းကစားခဲ့သည်။ စင်ကာပူကစားသမားများအနေဖြင့် အဝေး၊ အနီးနှစ်မျိုးစလုံးမှ ခုန်သွင်းသောထိချက်များအားလုံး မှန်ကန်မှုရှိခဲ့ပြီး မြန်မာနောက်တန်းကို အလွယ်တကူပင်ဖြတ်ကျော်နိုင်ခဲ့သည်။

စင်ကာပူ နည်းပြနီးယိုဘန်ဆိုင်းက "ကျွန်တော်မြန်မာအသင်းကို အထင်သေးလို့နောက်ပိုင်းမှာ အရန်ကစားသမားတွေကို ထည့်ပြီးကစားစေတာမဟုတ်ပါဘူး။ ကစားသမားတွေအားလုံးကို တကယ့်ပြိုင်ဘက်နဲ့ ရင်ဆိုင်တွေ့ပြီး ကစားခိုင်းမှသာ သူတို့အနေနဲ့ ယုံကြည်မှုတည်ဆောက်နိုင်မှာဖြစ်ပါတယ်။ တချို့ကစားသမားတွေ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနည်းနေသေးတယ်။ နောက်ပိုင်းပွဲတွေကျရင် ဒါကိုကျွန်တော် ပြောင်းလဲပစ်ဖို့ကြိုးစားရမှာပါ။ အခုနိုင်ပွဲက ချိုမြိန်တဲ့အောင်ပွဲဆိုပေမယ့် ဒီလောက်နဲ့ကျေနပ်နေတာမျိုးမဟုတ်ဘဲ နောက်ပိုင်းပွဲတွေကို ပိုပြီးကောင်းအောင်ချဉ်းကပ်ကစားဖို့လိုပါတယ်"ဟု ပွဲအပြီးသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။




စင်ကာပူအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

## ပြည်တွင်းရေးရာ

❖ရှေ့ဖုံးမှ

ခုံးကျော်တံတားများ တည်ဆောက်ခဲ့သည်မှာ အစိုးရသစ်လက်ထက်အတွင်း ကားလမ်းကူး ခုံးကျော်တံတားကြီး ငါးစင်း တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။ လှည်းတန်းခုံးကျော်တံတား၊ ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတား၊ ရွှေဂုံတိုင်ခုံးကျော် တံတား၊ ပြီးခဲ့သည့် ဧပြီလက ဖွင့်လှစ်ခဲ့သည့် မြေနီကုန်း ခုံးကျော်တံတားတို့ပင် ဖြစ်သည်။

ခုံးကျော်တံတားများ တည်ဆောက်ပြီးစီးခဲ့ပြီး ထိုနေရာများတွင် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားသည်ဟု ထင်မြင်ရသော်လည်း ထိုနေရာများနှင့် ဆက်စပ်နေသောနေရာများတွင် ယာဉ်ကြောပိတ်ဆို့နေမှုများ ပိုမိုဆိုးရွားလာသည်ကို တွေ့ရသည်။ ၂၀၁၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည့် လှည်းတန်းခုံးကျော်တံတားသည် တံတားပြီးစီး၍ အသုံးပြုသည့်အခါ ပြည်လမ်း ယာဉ်လမ်းကြောတွင် ယာဉ်ကြောပိတ်ဆို့မှု လျော့ကျသွားခဲ့သော်လည်း တံတားအဆင်း အင်းလျားလမ်းဆုံ၊ ပါရမီလမ်း၊ ဟံသာဝတီအဝိုင်းနှင့် ပတ်ဝန်းကျင်၊ အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်နှင့် ကားမှတ်တိုင်အနီး၊ လှည်းတန်းဈေးရှေ့ လှည်းတန်းလမ်းတို့တွင် ယာဉ်ကြောပိတ်ဆို့မှုများ ယခင်နှင့်မခြားဖြစ်ပေါ်လာပြီး အလားတူ ရွှေဂုံတိုင်တံတားတွင်လည်း ရွှေဂုံတိုင်မီးပွိုင့်တွင်သာ ယာဉ်သွားလာမှု မြန်ဆန်သွားပြီး တံတားအဆင်း လမ်းတစ်လျှောက်တွင် ယာဉ်ကြောပိတ်ဆို့မှုများပိုမိုဖြစ်ပေါ်လာသည်။

နွေရာသီကျောင်းပိတ်ရက်များတွင်ပင် ယာဉ်ကြောပိတ်ဆို့နေမှုများ ဆိုးရွားနေပြီး ယခုလက်ရှိ ကျောင်းဖွင့်ရာသီတွင် ကျောင်းကြိုပို့ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များဖြင့် ယာဉ်ကြောပိတ်ဆို့မှုများမှာ ပိုမိုဆိုးရွားလာသည်။ ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတားတွင်လည်း ထိုကဲ့သို့ပင်ဖြစ်သည်။ ဘုရင့်နောင်ကုန်စည်ဒိုင် အဝင်အထွက်ကားများနှင့် ယာဉ်ကြောပိတ်ဆို့နေဆဲပင်ဖြစ်သည်။ ဆက်လက်၍ ရန်ကုန်မြို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီတို့က တံတားစီမံကိန်းများ အကောင်အထည်ဖော်ဆဲနှင့် အကောင်အထည်ဖော်သွားရန်ရှိနေရာ ရန်ကုန်မြို့တော်၏ ယာဉ်သွားလာမှု ပိုမိုလွယ်ကူချောမွေ့မည်လား၊ ယခင်နှင့်မခြား ယာဉ်ကြောပိတ်ဆို့နေမှုများ ဆက်လက်ဖြစ်ပေါ်နေမည်လားဆိုသည်မှာ ပညာရှင်များ၏ရှုထောင့်မှနေ၍ စစ်တမ်းကောက်ယူမှုများ၊ Traffic data ကောက်ယူမှုများကိုဆောင်ရွက်ရမည်သာလျှင် ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရွှေပေါက်ကံ ငမိုးရိပ်ချောင်းကူးတံတားစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တည်ဆောက်နေသည့် အင်းစိန်ရထားခုံးကျော်တံတားမှာ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။ ယင်းအပြင် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် သာကေတတံတားကို တည်ဆောက်မည်ဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မင်္ဂလာတောင်ညွန့်နှင့် ဒေါပုံကို ဆက်သွယ်ပေးမည့် သံပေါင်တံတားကို ယခင် သံပေါင်တံတားဟောင်းဘေးတွင် တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်။ ယင်းအပြင် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းကို ဆက်သွယ်မည့် ခုံးကျော်တံတား၊ မြောက်ဒဂုံကြိုးတံတားဘေးတွင် နှစ်လမ်းသွားကွန်ကရစ်တံတားတို့ကို တည်ဆောက်သွားမည်ဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက "မြေနီကုန်းတံတားကြီးပြီးသွားပေမယ့် သွားလာမှုတွေ မချောမွေ့သေးပါဘူး။ များလာတဲ့ကားတွေနဲ့ နောက်ထပ်ကျပ်တောက်လာမယ့်အနေအထားတွေအတွက် ဒီဘဏ္ဍာနှစ်မှာ လိုအပ်နေတဲ့တံတားတွေအတွက် ရနိုင်တဲ့ဘတ်ဂျက်အနေအထားကို တောင်းခံထားပါတယ်။ ရှစ်မိုင်ခုံးကျော်တံတား၊ တာမွေခုံးကျော်တံတား၊ ကမ္ဘာအေးဘုရားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းဆုံ ကုက္ကိုင်းခုံးကျော်တံတားတွေ တည်ဆောက်သွားမှာပါ။ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာ မြစ်ကူးချောင်းကူးတံတား ခုနစ်စင်း၊ မီးရထားကဆောက်တဲ့တံတား တစ်စင်း၊ ခုံးကျော်တံတား သုံးစင်း၊ လူကူးခုံးကျော်တံတား ခြောက်စင်း ရရှိတဲ့ဘတ်ဂျက်နဲ့ ယာဉ်သွားလာရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြေနီကုန်း ခုံးကျော်တံတားဖွင့်လှစ်စဉ်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်း ပြောကြားသွားခဲ့သည်။

ခုံးကျော်တံတားများတည်ဆောက်ခြင်းသည် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းခြင်းနည်းလမ်းပေါင်းများစွာအနက် တစ်ခုအပါအဝင်ဖြစ်ပြီး အဓိကကျသည့် ဖြေရှင်းမှုတစ်ခုတော့မဟုတ်ဟု ပညာရှင်များက ဝေဖန်သည်။ အမှန်တကယ် လိုအပ်သည့်နေရာများတွင် ခုံးကျော်တံတားများ တည်ဆောက်ခြင်းသည် ထိရောက်သော ဖြေရှင်းမှုဖြစ်သော်လည်း လမ်းဆုံတစ်ခုကိုသာ ကျော်ဖြတ်ကာ ဖားခုန်ခုန်သကဲ့သို့ တည်ဆောက်ထားသော ခုံးကျော်တံတားများသည် ယာဉ်ကြောပိတ်ဆို့မှုကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ခြင်းမရှိကြောင်း လက်ရှိမြေနီကုန်း ခုံးကျော်တံတားနှင့် လှည်းတန်းခုံးကျော်တံတားတို့ကို သုံးသပ်လေ့လာနိုင်သည်ဟု ပညာရှင်များက သုံးသပ်ကြခြင်းဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက ကနေဒါနိုင်ငံက တည်ဆောက်ပေးခဲ့သည့် သာကေတမြို့နယ်သို့ ဆက်သွယ်သွားလာသော ၁၅ ပေ ခုံးကျော်တံတားမျိုးကဲ့သို့ မီးပွိုင့်မလို ယာဉ်လမ်းကြောင်းများ ဖြာထွက်ဆင်းသွားနိုင်သော တံတားမျိုးမှာ ကုန်ကျစရိတ်များပြားလွန်းခြင်းကြောင့် တည်ဆောက်ရန်ဆန္ဒရှိသော်လည်း ငွေကြေးလိုအပ်ချက်ကြောင့် မတည်ဆောက်နိုင်ခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ရှင်းလင်းပြောကြားခဲ့သည်။

သို့ရာတွင် ယာဉ်လမ်းကြောင်းတစ်ခုအတွက်သာ ဖြေရှင်းနိုင်သည့် ခုံးကျော်တံတားများစွာတည်ဆောက်နေမည့်အစား လေးညှင်းပွင့်ကဲ့သို့ ယာဉ်လမ်းကြောင်းများ ဖြာထွက်သွားလာနိုင်သော တံတားတစ်စင်း တည်ဆောက်နိုင်ပါက များစွာအကျိုးရှိမည်ဟု ပညာရှင်များက သုံးသပ်သည်။ ယင်းသို့တည်ဆောက်နိုင်ပါက ထိုတံတားနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်များတွင်ပါ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားမည်ဖြစ်သည်။ ယင်းအပြင် ယာဉ်ကြောထိန်းသိမ်းမှုစနစ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုနှင့် ယာဉ်စီးရေတိုးလာမှုအပေါ် တစ်မြို့လုံး လွှမ်းခြုံစီမံခန့်ခွဲမှုစနစ်ကို စနစ်တကျအကောင်အထည်ဖော်ရန်လည်း လိုအပ်သည်ဟုသုံးသပ်သည်။

"ခုံးကျော်တံတားများ တည်ဆောက်ခြင်းဟာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းတဲ့နည်းလမ်းတွေထဲမှာပါပေမယ့် အဓိကကျတဲ့အဖြေတစ်ခုတော့ မဟုတ်ပါဘူး။ လိုအပ်တဲ့နေရာတွေမှာဆောက်ရမှာပါ။ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာဟာ ဆေးမြီးတိုနဲ့ ကုစားလို့ရတဲ့ကိစ္စမဟုတ်ပါဘူး။ ရေရှည် အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် လူဦးရေ၊ ယာဉ်စီးရေနဲ့ မြို့ပြချဲ့ထွင်လာမှုအနေအထား၊ လူနေသိပ်သည်းလာမှုတွေနဲ့ တွက်ချက်ဆောင်ရွက်ရမှာပါ" ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

"ရန်ကုန်မှာ ယာဉ်စီးရေများလာပါတယ်။ ဒါပေမယ့် လက်ရှိယာဉ်အစီးရေနဲ့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်နေတဲ့အနေအထားက မမျှတပါဘူး။ မော်တော်ယာဉ်များလွန်းလို့တော့ မဟုတ်ပါဘူး။ ဘန်ကောက်မြို့မှာ ယာဉ်စီးရေ သန်းနဲ့ချီပြီးရှိပါတယ်။ ပိတ်ဆို့မှုတွေမှာ ကားတွေများလွန်းလို့ ဖြစ်ရတာပါ။ ဒါပေမယ့် ယာဉ်ကြောထိန်းသိမ်းမှုစနစ်နဲ့ စည်းကမ်းကောင်းတယ်။ ခုံးကျော်တံတားတွေ အများကြီးရှိတယ်။ ဒီကလို တံတားမျိုးတွေတော့မဟုတ်ဘူး။ နှစ်ထပ်၊ သုံးထပ် တံတားတွေ၊ မိုးပျံတံတားတွေ၊ လမ်းကြောင်းအသီးသီးကို ဖြာထွက်ခွဲသွားနိုင်တဲ့ တံတားတွေပါ။ အပေါ်သီးသန့်လမ်းတွေက သွားမယ်ဆိုရင် တံတားဖြတ်သန်းခပေးပြီး သွားရတယ်။ လမ်းတွေပေါ်မှာ ယာဉ်မရပ်ဘူး။ ကားရပ်တဲ့ အထပ်မြင့် ကားပါကင်ကြီးတွေ အများကြီး တည်ဆောက်ထားတယ်။ ဈေးဝယ်စင်တာတိုင်း ကားရပ်ဖို့ နေရာအလုံအလောက် စီစဉ်ထားရတယ်။ ဘန်ကောက်လို လမ်းတွေ၊ တံတားတွေ တည်ဆောက်ဖို့ဆိုတာ ငွေတွေ အများကြီးကုန်ပါတယ်။ ဒါပေမယ့် ဒါတွေက အခြေခံလိုအပ်ချက်တွေဖြစ်တဲ့အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျတဲ့ အခြေခံအဆောက်အအုံတွေပဲဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ မြို့ပြကြီးတစ်ခုဆိုရင်လည်း မြို့ပြသယ်ယူပို့ဆောင်ရေးတွေ အဆင့်မီကောင်းမွန်ရပါမယ်။ ပြည်တွင်းအားနဲ့မရရင် ပြည်ပအကူအညီတွေ ယူရပါမယ်။ အခုရန်ကုန်ရဲ့ အနေအထားအရ စင်ကာပူလိုဖြစ်အောင် ဆိုတာထက် ဘန်ကောက်လိုဖြစ်အောင်တောင် မလွယ်ကူပါဘူး။ မဆုတ်မနစ်နဲ့ သူများနိုင်ငံတွေထက် နှစ်ဆ၊ သုံးဆ ပိုကြိုးစားမှ အဲဒီနိုင်ငံတွေရဲ့မြို့ပြတွေလို ဖြစ်လာမှာပါ" ဟု မြို့ပြအင်ဂျင်နီယာ ဦးကျော်မြင့်က ပြောသည်။

အဘယ်ကြောင့် ရန်ကုန်တွင် ယာဉ်ကြောပိတ်ဆို့နေမှုများ ဖြစ်ပေါ်နေသနည်း ပညာရှင်များကလည်း သုံးသပ်တင်ပြမှုများရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အပါအဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း လမ်းတံတားဘတ်ဂျက်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုအသုံးပြုလာသည်။ ယင်းအပြင် ဂျပန်နိုင်ငံ၏အကူအညီနှင့်အတူ မီးပွိုင့်စနစ်များ အဆင့်မြှင့်တင်ရေးကို ဆောင်ရွက်နေသည်။ ယာဉ်စည်းကမ်းထိန်းသိမ်းအရေးယူခြင်းများတွင် အဓိကဖြစ်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အားမှာ နည်းပါးလျက်ရှိနေသည်ဟု သိရသည်။

ခုံးကျော်တံတားများ တည်ဆောက်ပြီးသော်လည်း တံတားအဆင်းတွင် ယာဉ်ရပ်မှတ်တိုင်များရှိနေခြင်း၊ မီးပွိုင့်လမ်းဆုံများနှင့် ယာဉ်ရပ်မှတ်တိုင် နီးကပ်နေခြင်းများကိုလည်း ကြိုတင်စစ်တမ်းကောက်ယူဆောင်ရွက်ရာတွင် အားနည်းမှုများလည်းရှိနေသည်။

ခရီးသည်တင်ယာဉ်များ၏ စည်းကမ်းမဲ့ရပ်နားမှု၊ အငှားယာဉ်များ၏ စည်းကမ်းချိုးဖောက်မှု၊ ကိုယ်ပိုင်ယာဉ်များ အချိန်ကြာမြင့်စွာရပ်တန့်ထားမှု၊ လမ်းဘေးဈေးသည်များ လမ်းပေါ်တက်ဈေးရောင်းမှု၊ လမ်းကူးသူများ၏ စည်းကမ်းမလိုက်နာမှုများကလည်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်စေသည့် အကြောင်းရင်းများတွင် ပါဝင်နေသည်။ နေ့စဉ်နှင့်အမျှ ရန်ကုန်မြို့၏အရပ်မျက်နှာအသီးသီးမှ ရန်ကုန်မြို့လယ်ဗဟိုသို့ ဝင်ထွက်လျက်ရှိသော လူဦးရေ၊ ယာဉ်စီးရေပမာဏကို သွက်သွက်မြန်မြန်သွားလာနိုင်ရန် စီမံခန့်ခွဲမှုပေးနိုင်ရေးသည် အဓိကကျလာပြီး ယင်းတွင် ကောင်းမွန်သော အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များ ပြင်ဆင်ခြင်း၊ ရထားပို့ဆောင်ရေးစနစ် ထိရောက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ မီးပွိုင့်စနစ်များ တစ်ခုနှင့်တစ်ခုချိတ်ဆက်၍ လွှမ်းခြုံစီမံခန့်ခွဲခြင်း၊ ယာဉ်ထူထပ်သည့်နေရာများ၊ ဈေးများ၊ ကျောင်းများ၊ ဆေးရုံများအနီးတွင် ယာဉ်စီးရေ အများအပြား ရပ်တန့်နိုင်သည့် အထပ်မြင့်ကားပါကင်များ တည်ဆောက်ခြင်း၊ ရန်ကုန်မြို့လယ်နှင့် အဓိကကျသောနေရာများတွင် အထပ်မြင့် အဆောက်အအုံများ တည်ဆောက်ခြင်းကို စနစ်တကျကြီးကြပ်ခြင်း၊ ယာဉ်ရပ်နားရန်နေရာမရှိသော အထပ်မြင့် အဆောက်အအုံများကို လုံးဝခွင့်မပြုခြင်း၊ ဘဏ္ဍာငွေ ထူထောင်ကာ ၁၅ ပေ ခုံးကျော်တံတား (ကနေဒါတံတား)ကဲ့သို့ ယာဉ်လမ်းကြောင်းများ ဖြာထွက်မောင်းနှင်နိုင်သော တံတားများကို တည်ဆောက်ခြင်းများပြုလုပ်သွားရမည်ဟု မြို့ပြရေးရာ သုတေသီများကဆိုသည်။ သို့မဟုတ်ပါက ကုန်ကျစရိတ်များပြားသော ခုံးကျော်တံတားများ တစ်စင်းပြီးတစ်စင်း တည်ဆောက်သွားရုံဖြင့် ယာဉ်ကြောပိတ်ဆို့နေမှုများ ပြေလည်သွားမည်မဟုတ်ဘဲ ကဏ္ဍပေါင်းစုံ၊ ဌာနပေါင်းစုံတို့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန်မှာလည်း အရေးကြီးသည်ဟု သုံးသပ်ကြသည်။ ။

| ဆောက်လုပ်ပြီး ခုံးကျော်တံတားများ | ကုန်ကျစရိတ် (ခန့်မှန်း) | တည်ဆောက်သည့် ကုမ္ပဏီ |
|---|---|---|
| လှည်းတန်းခုံးကျော်တံတား | ၁၄ ဒသမ ၄၈၇ ဘီလီယံခန့် | Shwe Taung Development |
| ဘုရင့်နောင် နှစ်ထပ် တံတား | ၂၁ ဒသမ ၇၄၄ ဘီလီယံခန့် | FMI Holding |
| ရွှေဂုံတိုင်ခုံးကျော်တံတား | ၁၇ ဒသမ ၄၄ ဘီလီယံခန့် | Capital Construction Group |
| မြေနီကုန်း ခုံးကျော်တံတား | ၁၆ ဒသမ ၉၂၈ ဘီလီယံခန့် | Capital Construction Group |

**တာမွေခုံးကျော်တံတား၊ ရှစ်မိုင်ခုံးကျော်တံတား၊ ကုက္ကိုင်းခုံးကျော်တံတားတို့ကို တည်ဆောက်ရန်အတွက်တင်ဒါခေါ်ယူသွားမည်ဖြစ်သည်။**




ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## မူဆယ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာအဝင် နမ့်အွမ်-တီးမကျေးရွာသွား လမ်းမပေါ်တွင် တက္ကနိုင်းကျေးရွာဘက်မှ နမ့်အွမ်ကျေးရွာဘက်သို့ ရင့်ရှင်မြင့်(ခ) အိုက်ကော့မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ သိမ်းဆည်းရမိသဖြင့် ရင့်ရှင်မြင့်(ခ) အိုက်ကော့ (၂၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

## ချမ်းအေးသာစံမြို့နယ်

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး မြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ် ၂၆ × ၂၇ လမ်းကြား ကမ်းနားလမ်း မြနန္ဒာ KTV ဆိုင်သို့ ယာဉ် အမှတ် 6D/ ----- TOYOTA Testima ACR 30 မော်တော်ယာဉ်ဖြင့် ရောက်ရှိလာသူ ဝင်းမောင်နှင့် သားဖြစ်သူ စိုးဇေမောင်မောင်တို့ နှစ်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၂၀၊ မြန်မာငွေကျပ် ၁၃ သိန်း၊ တရုတ်ယွမ်ငွေ ၂၀၀၊ အမေရိကန်ဒေါ်လာ ၁၀၃ ဒေါ်လာနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိသဖြင့် ဝင်းမောင် (၅၃)နှစ်နှင့် စိုးဇေမောင်မောင် (၂၃) နှစ်တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**ရင့်ရှင်မြင့်(ခ) အိုက်ကော့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## ပွင့်ဖြူမြို့ မရဲစခန်းအား ကြည့်ရှုစစ်ဆေး

**ပွင့်ဖြူ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်နုယဉ်သည် ဇွန် ၁၀ ရက် နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့မရဲစခန်းရှိ အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပွင့်ဖြူမြို့မရဲစခန်းအတွင်းရှိ အချုပ်ခန်းမှ အချုပ်တရားခံများ အချုပ်ခန်းတွင် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရခြင်းရှိ/ မရှိ သင့်တင့်မျှတသော အစားအစာအဟာရ စားသုံးရခြင်းရှိ/မရှိ မကျန်းမာပါက ဆေးကုသရန် အခွင့်အရေးရှိ/ မရှိများနှင့် အချုပ်သားနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးဆောင်ရွက်ခဲ့ပြီးလိုအပ်သည်များကို မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လှမ်းလင့်ကြိုနေ ထီလာမြေ

**à ခင်လပြည့်ဝန်း**

ဇာတိမြေအညာဒေသ မိတ္ထီလာမြို့သို့မရောက်သည်မှာ ဆယ်နှစ်မက ကြာခဲ့ပြီ။ ဇာတိမြေက မကြာခဏ ရန်ကုန်ကို လာလည်တတ်၊ ရောက်လာတတ်တဲ့ ဆွေမျိုးမိတ်ဆွေများနှင့် တွေ့တဲ့အခါ ဇာတိမြေမိတ္ထီလာမြို့မှာ ရာသီဥတု သာသာယာယာရှိလား၊ ပူလား၊ အေးလားစတဲ့ ဇာတိမြေရဲ့ အခြေအနေကို သိလိုတဲ့အတွက် မေးမြန်းရတာအမောပါပဲ။

"ရေမှာစကိုင်း၊ လှိုင်းမှာပခန်းငယ်၊ လယ်မှာတောင်တွင်း၊ စပါးမှာ ရမည်းသင်း၊ အင်းမှာတောင်သမန်၊ ကန်မှာ မိတ္ထီလာ"လို့ဆိုရိုးစကားရှိခဲ့တာကို ငယ်စဉ်ကလေးဘဝတည်းက ကြားဖူးခဲ့ပါပြီ။ မိတ္ထီလာမြို့ရဲ့ နန်းတော်ကုန်းရပ်ကွက်မှာ မွေးဖွားကြီးပြင်းလာခဲ့ရတဲ့သူဖြစ်လို့ မိတ္ထီလာကန်(မြောက်ကန်)နဲ့ နီးစပ်တဲ့ ရပ်ကွက်မှာနေခဲ့ပြီး နေ့စဉ်ကန်ရေပြင်က ဖြတ်တိုက်လာတဲ့ လေသန့်သန့်ရှူရင်း ကလေးဘဝ ဖြတ်သန်းခဲ့ရတာပါ။

စာရေးသူငယ်စဉ်က ကလေးဘဝက ဘွားဘွားမကြာခဏပြောခဲ့တာ သတိရမိပါတယ်။ "တို့မိတ္ထီလာမြို့ဟာ ကန်ရှိလို့သာယာတာကွဲ့၊ ဒါ့ကြောင့် သာသာယာယာမိတ္ထီလာဆိုပြီး အမွှမ်းတင်တာပေါ့"။ ကလေးဆိုတော့လည်း ကြားပါများတဲ့စကား နားထဲစွဲထင်နေမိတယ်။ စာရေးသူအလယ်တန်းကျောင်းသူဘဝ ရန်ကုန်မြို့ရောက်တော့ အတန်းဖော်သူငယ်ချင်းက ဘယ်မြို့က ပြောင်းလာတာလဲမေးရင်း အဘွားစကားနားထဲစွဲနေရင်းမို့ "သာသာယာယာမိတ္ထီလာ" ဆိုပြီး ပြောလိုက်တော့ "မိတ္ထီလာဆို ပြီးတာပဲ ကြားလိုက်တာ"လို့ ပြောခဲ့တာ မှတ်မှတ်ရရပါပဲ။

တက္ကသိုလ်ရောက်တော့ "အညာသူဗျစ်ထူလို့တမျိုး၊ ကန်ရေသောက်မြက်ခြောက်စားတဲ့ အညာသူမ"လို့ မခံချင်အောင် ရန်စတတ်တဲ့ သူငယ်ချင်းတွေကြောင့် ခဏခဏ စကားများကြရတာလည်း အမောပါ။ ဒါပေမယ့် ဘာဖြစ်လို့လဲ မသိဘူး စာရေးသူအညာသူဖြစ်ရတာ မိတ္ထီလာသူဖြစ်ရတာ အမြဲဂုဏ်ယူမိတယ်။ ဝန်ဇင်းဘိုးရာဇာက မိတ္ထီလာကလေဆိုပြီး ပြောရတာအရသာရှိလိုက်တာ။ အမှန်တကယ်ပဲ စာရေးသူတို့မိတ္ထီလာမြို့က မိတ္ထီလာကန်ကြီးကြောင့် ပိုလှတယ်၊ ပိုပြီး သာယာနေပါတယ်။ စာရေးသူတို့ မိတ္ထီလာမြို့ရဲ့အလှ ကျက်သရေဆောင် မိတ္ထီလာကန်တော်ကြီးဟာ ရှေးမင်းကောင်းမင်းမြတ် တစ်ဆယ့်ခုနစ်ဆက် တူးဖော်ဆည်ဖို့ခဲ့တဲ့ ကန်တော်ကြီးပါ။ မိတ္ထီလာကန်တော်ကြီးကို မိတ္ထီလာ-ကျောက်ပန်းတောင်း သွားကားလမ်းရဲ့ တောင်ဘက်ကန်ကို တောင်ကန်လို့ခေါ်ကြပြီး ကားလမ်းရဲ့ မြောက်ဘက်ကန်ကို မြောက်ကန်လို့ ခေါ်ကြပါတယ်။

တောင်ကန်ရေဟာ ကြည်လင်သန့်ရှင်းနေပေမယ့် မြောက်ကန်ကတော့ မုန်တိုင်ချောင်းရေတိုက်ရိုက်စီးဝင်တဲ့အတွက် နောက်ကျိနေတတ်ပါတယ်။ မိတ္ထီလာကန်တော်ကြီးဟာ မြို့လူထုသောက်သုံးဖို့ရေနဲ့ စိုက်ပျိုးရေအတွက် အဓိကအားထားနေရတဲ့ ကန်ကြီးပါ။ ဒါပေမယ့် မိတ္ထီလာကန်ရေတွေဟာ တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်း လျော့နည်းလာတဲ့ အကြောင်းကို မိတ္ထီလာကဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေတွေလာတိုင်း ပြောပြလာတတ်တာသတိထားမိတယ်။ ဟိုးငယ်စဉ်ကလို ရေမှာမြူးထူးပျော်ပါးတဲ့ ကျေးငှက်တွေ၊ ရေကြက်တို့ ဗျိုင်းတို့ သတ္တဝါတွေလည်း မတွေ့ရ သလောက်ဖြစ်နေပြီလို့ ဆိုကြတယ်။

မေ ၂၁ ရက် နေ့စဉ်ထုတ် ကြေးမုံသတင်းစာမှာ မိတ္ထီလာ(မြောက်ကန်) ပြန်လည်ပြုပြင်တူးဖော်တဲ့လုပ်ငန်းကို စက်ယန္တရားအစီး ၄၀၀ နဲ့ မေလကစပြီး နှစ်လအတွင်း အပြီးဖော်မယ်ဆိုတဲ့သတင်းဆောင်းပါးလည်း ဖတ်လိုက်ရတာ တကယ်အားရှိမိတယ်။

ဒီမိတ္ထီလာ(မြောက်)ကန် ပြန်ပြီးတူးဖော်ပြီးရင် ရေပမာဏ ၇၂၀၀ ဧကရှိလာမယ်။ မိုးစပါးဧက ၆၆၅၅၊ နွေစပါး ဧက ၆၉၅ နဲ့ စုစုပေါင်း ဧက ၇၃၅၀ ကို ရေအလုံအလောက်ပေးဝေနိုင်မှာဖြစ်တယ်လို့ ဆည်မြောင်းဦးစီးဌာနကပါ ပြောနိုင်ပြီဆိုတော့ အားလုံးအဆင်ပြေသွားပြီပေါ့။

အခုအခါ ကန်အလျား၂၃၀၀ ပေ၊ ကန်ပေါင် အမြင့် ၄၆ ပေနဲ့ ပျမ်းမျှရေအနက် လေးပေခွဲသာရှိပြီး ရေသိုလှောင်နိုင်မှုပမာဏဟာ ဧကသုံးထောင်သာရှိနေတော့ မိတ္ထီလာကန်ကြီး ပြန်ဖော်ပြီးတဲ့အခါ ရှေးယခင်က စာဆိုခဲ့တဲ့အတိုင်း မိတ္ထီလာကန်ကရေ မနောက်၊ ကြာမပေါက်လို့ "မကျည်းတစ်ဆစ်၊ ပေတစ်ရစ်၊ ကြိုးကြာမသောက်၊ ရေမနောက်၊ မပေါက်ရွှေကြာ၊ မိတ္ထီလာ"ဆိုသလို ထူးခြားတဲ့သင်္ကေတတွေနဲ့ ပြည့်စုံတဲ့မိတ္ထီလာမြို့ကန်တော်ကြီး ပြန်ဖြစ်လာတော့မှာပါ။

စာရေးသူငယ်စဉ် မူလတန်းကျောင်းသူဘဝတုန်းက တော်သလင်းလမှာဆိုရင် ဒီမိတ္ထီလာကန်တော်ကြီးထဲမှာ လှေလှော်ပြိုင်ပွဲတွေလုပ်ကြတယ်။ ဖောင်တော်ဦးဘုရားပွဲမှာ လှေလှော်ပြိုင်ပွဲပါပါတော့ မိတ္ထီလာကကျောင်းတွေ နေ့တစ်ဝက် ကျောင်းပိတ်ကြတယ်။ လှေလှော်ပြိုင်ပွဲလာကြည့်ကြတဲ့သူတွေ ဟိုဘက်ဒီဘက်ကမ်းလုံးညွှတ်ပါပဲ။ အလွန်ပျော်စရာကောင်းတဲ့ မိတ္ထီလာမြို့မှာနေခဲ့ရတဲ့ ငယ်ဘဝပါ။

နှစ်ပေါင်းများစွာ သဲနုန်းဖို့ တိမ်ကောနေတဲ့ မိတ္ထီလာ(မြောက်)ကန်ကြီး ပြန်ပြုပြင်တူးဖော်ပြီးစီးရင်တော့ သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေတွေ ဖူလုံပြည့်စုံလာတော့မှာပါ။ အတွေးနဲ့တင် ကြည်နူးစရာ။ မိတ္ထီလာကန်ပြုပြင်တူးဖော်ပြီးတဲ့အချိန်မှာ အညာဒေသမိတ္ထီလာကိုတော့ တစ်ခါတစ်ခေါက် အလည်သွားရောက်ရဦးမှာပါ။ မြန်မာပြည် တစ်နံ တစ်လျားက ခရီးသွားဝါသနာရှင်တွေနဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေလည်း သာယာလှပတဲ့ မိတ္ထီလာမြို့ကို စိတ်ဝင်စားပြီး သွားရောက်လည်ပတ်ကြဦးမှာလို့ တွေးနေမိပါတော့တယ်။

**ရှေး မင်းကောင်း မင်းမြတ် တစ်ဆယ့် ခုနစ်ဆက် တူးဖော် ဆည်ဖို့ ခဲ့တဲ့ကန် . . . .**

## GW1 စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကျင်းပ

**ပြည် ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ဇီးအုပ် အုပ်စုကွင်းအမှတ် (၃၇၂ A)ရှိ တောင်သူ ဦးကျော် သန်း၏ လယ်မြေတွင် ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါး GW1 စပ်မျိုးစပါး ၁၀ ဧက စံပြကွက် မြို့နယ်အဆင့် စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၄ ရက်က ပြုလုပ်ရာ ပြည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စိုက်ပျိုးရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်နှင့် မြို့နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ် ချုပ်ရေးမှူးများ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ တောင်သူကိုယ်စားလှယ်များ စုပေါင်းအင်အား ၂၂၅ ဦးခန့် တက်ရောက်ခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သုည ဒသမ ၁၀ ဧကအား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ၁၆၅ ဒသမ ၄၃ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။ (၄၉၇)

## ဇေယျာရပ်ကွက်၌ကျောက်ချောလမ်းခင်းဆောင်ရွက်

**ဆော ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့ ဇေယျာရပ်ကွက် သန်းပင်ခုံးလမ်းအား ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းခွင့်ပြုငွေဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း (၄၀၀' × ၁၂' × ၉')ကို မေ ၃၀ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းမှာ ယခင်က မြေသားလမ်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည့်အတွက် ယခုအခါ ရာသီမရွေးသွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ချောင်းကူးအုတ်ခုံခံသစ်သားတံတားသစ် ဖွင့်လှစ်

**မိုးကောင်း ဇွန် ၁၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀၀ ဖြင့် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်ပြီးစီးသည့် အရှည်ပေ ၁၂၀ အကျယ် ၁၂ ပေ အမြင့် ၁၃ ပေရှိ ပင်းကြိုင်ကျေးရွာ ချောင်းကူးအုတ်ခုံခံသစ်သားတံတားသစ်ဖွင့်ပွဲကို ဇွန်ပထမပတ်အတွင်းက ကျင်းပခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဦးကျောက်ခိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက တံတားသစ်ကိုဖွင့်လှစ်ပေးခဲ့သည်။ (၄၉၉)








### ပင်နင်စူလာအင်တာပရိုက်စစ်လီမိတက်

ဝန်ထမ်းအလိုရှိသည်
[တောင်ဒဂုံ-စက်မှုဇုန်(၁)တွင် တာဝန်ထမ်းဆောင်ရမည်။]

1.**Chief Engineer (Electrical)** **Male (2)Post**
- We need for running Slitting Line and Pipe Line Machine.
- B.E (Electrical)
- Minimum Experience of 5 years in related field.
- Good Communication Skill in English.
- Computer Literate especially Email/Internet.

2.**Chief Engineer (Mechanical)** **Male (2)Post**
- We need for running Slitting Line and Pipe Line Machine.
- B.E (Mechanical)
- Minimum Experience of 5 years in related field.
- Good Communication Skill in English.
- Computer Literate especially Email/Internet.

လျှောက်ထားသူများသည် CV ပုံစံ၊ အလုပ်သမားမှတ်ပုံတင်နှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းအတွက်လိုအပ်သော အထောက်အထားမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့် အတူ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
တော်ဝင်ပလာဇာ
၃-လွှာ၊ စက်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၁၁၆၄၊ ၂၀၂၈၀၁



# မကွေးတိုင်းဒေသကြီးတွင် မိုးခေါင်၍နွားစာများ ရှားသဖြင့် ထန်းသီးများနှင့် သစ်ရွက်များ ကျွေးနေရ



**မကွေး ဇွန် ၁၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မိုးခေါင်ရေရှားမှု၏ နောက်ဆက်တွဲတစ်ခုဖြစ်သည့် နွားစာရှားပါးမှုဒုက္ခအား ယခုအခါတောင်သူများ ကြုံတွေ့နေရခြင်းကြောင့် ထန်းတောရှိ တောင်သူများမှာ ထန်းသီးများအားရောင်းမစားနိုင်ဘဲ ထန်းသီးများအား ခုတ်ထစ်၍ ကျွဲ၊ နွားများအား ကျွေးမွေးရကြောင်း၊ နွားများအစာတင်မက တိရစ္ဆာန်များ၏သောက်သုံးရေပါ ရှားပါးလျက်ရှိကြောင်း သိရသည်။

မကွေး၊ ရေနံချောင်း၊ မြို့သစ်၊ နတ်မောက်၊ ရေစကြို အစရှိသည့် မြို့နယ်အတွင်းရှိ ကျေးရွာဒေသများတွင် နွားစာရှားပါးမှုကြုံနေရကြောင်း၊ အထူးသဖြင့် ရေနံချောင်း၊ မကွေးမြို့နယ်များတွင် ကြုံတွေ့နေရကြောင်း၊ မနှစ်က မိုးနည်း၍ ရေတွင်းရေကန်နှင့် နွားစာကျက်မြေများ ရေမတင်ခြင်းနှင့် ယခုနှစ်အပူချိန်မြင့်မားမှုကြောင့်ဖြစ်ကြောင်း သိရသည်။

တချို့ တောင်သူများသည် စုဆောင်းသိမ်းဆည်းထားသည့် မြေပဲပင်အခြောက်များအား ကျွေးမွေးသော်လည်း ယခုအခါ ကျွေးမွေးရန်မရှိဖြစ်နေခြင်းကြောင့် ပင့်ကန်ရွက်၊ ထောက်ကြံ့ရွက်၊ နဗူးရွက်၊ ဇီးရွက်၊ ကုက္ကိုရွက်တို့အား ခူးယူ၍ကျွေးမွေးရကြောင်း သိရသည်။

ယင်းနွားစာရှားပါးမှုနှင့် ပတ်သက်၍ "နွားစာရှားပါးလို့ ဒုက္ခရောက်တာ သုံးလေးလကျော်ပြီ။ ခုမှ ထန်းသီးတွေကို ခုတ်ထစ်ပြီး သစ်ရွက်တွေနဲ့ ရောနှောကျွေးရတယ်။ ကြုံသလိုကျွေးနေရင်တော့ အချို့နွားတွေဆို ဝမ်းလျှောကြတာပေါ့။ မနှစ်ကဆိုလည်း မိုးကလည်းခေါင်၊ ရေကလည်းရှားတော့ လူစာကော၊ နွားစာကော၊ အခြားတိရစ္ဆာန်အစာတွေကော ရှာဖွေနေရတယ်"ဟု မကွေးဒေသခံတစ်ဦးက ပြောသည်။

"ရေနံချောင်းမြို့နယ် ဖောင်းကတောကျေးရွာကပါ။ ဒီနှစ်နွားစာရှားချက်ကတော့ စံတင်လောက်ပါတယ်။ ကျွန်တော်တို့အုပ်စုဖွဲ့ပြီး ရေဘူး၊ ထမင်းထုပ်နဲ့ ရေနံချောင်းနဲ့ ၁၀ မိုင်လောက်ဝေးတဲ့နေရာကို မနက် ၄ နာရီထလာပြီး နွားစာတိုက်ရတယ်။ ရတဲ့မြက်ထုံးတွေကို ကားစငှားပြီး ရွာကိုသယ်ရတယ်။ နေ့စားအငှားလိုက်ရင် ကိုယ့်ထမင်းကိုယ်စား ကျပ် ၆၀၀၀ ပေးငှားရတယ်။ ရေဘူး၊ ထမင်းထုပ်ယူရင် ကျပ် ၅၀၀၀ ပေးရတယ်။ လူတစ်ယောက်တစ်ရက်ရိတ်ရင် နွားနှစ်ကောင်အတွက် ခြောက်ရက်၊ ခုနစ်ရက်ကျွေးလို့ရပါတယ်" ဟု ရေနံချောင်းမှ ဒေသခံတစ်ဦးကပြောပြသည်။

**ကောင်းသုတ(မင်းဘူး)**

# မင်းဘူးခရိုင်ပွင့်ဖြူမြို့နယ်တွင် သောက်သုံးရေပြတ်လပ်မှုကြုံနေရ

**ပွင့်ဖြူ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျွဲတံခါးကျေးရွာအုပ်စု ကြီးအုံကြီးဝရေလှောင်တမံနှင့် ငါးမိုင်အကွာကြီးအုံကြီးဝရေလှောင်တမံလမ်းပေါ်ရှိ မင်းလမ်းကန်ကျေးရွာတွင်ယခုနှစ် ချောင်းရေကန်ရေများခန်းခြောက်ခဲ့၍ သောက်သုံးရေပြတ်လပ်နေခြင်းများ ကြုံနေရကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၏မြို့တော် မကွေးမြို့နှင့် မိုင် ၅၀ ကျော်ကားလမ်း ၂ နာရီခရီးသာဝေးကွာသည့် မင်းလမ်းကန်ကျေးရွာလေးတွင် ဘုန်းတော်ကြီးသင်စာသင်ကျောင်းလေး ပျက်စီးယိုယွင်းနေခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ သောက်သုံးရေမလုံလောက်ခြင်း၊ ကျောင်းသား ကျောင်းသူလေးများ ပညာသင်ကြားရန်ခက်ခဲခြင်းတို့လည်း ဖြစ်ပေါ်လျက်ရှိသည်။

မကွေးမြို့ ဝေဠုဝန်ကျောင်းတိုက်ဆရာတော်ကြီး၏ ဩဝါဒစီစဉ်ညွှန်ကြားမှုခံယူလျက် အောင်ဓမ္မရက္ခိတကျောင်းတိုက်ဆရာတော် အရှင်ပညာဗလ ဦးဆောင်စီစဉ်ဆောင်ရွက်မှုဖြင့် စက်ရေတွင်း၊ ရေကန်အလှူရှင် မကွေးမြို့ လက်နှစ်ဖက်မှီးနှင့်အအေးဆိုင်လုပ်ငန်းပိုင်ရှင် ဦးကိုကိုနိုင်-ဒေါ်သင်းသင်းယုတို့၏ ဒါနကောင်းမှုကြောင့် ယခုအခါ သန့်စင်သောရေများလုံလောက်စွာ သုံးစွဲနိုင်ကြပြီဖြစ်သည်။

မင်းလမ်းကန်ကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးအိန္ဒက(ဆင်ဖြူကျွန်း)တည်ထောင်ဖွင့်လှစ်ထားသော ဘုန်းတော်ကြီးသင် စာသင်ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူလေးများအတွက် မကွေးတက္ကသိုလ် စည်ဖြိုးသူဖောင်ဒေးရှင်းမှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက အလှူငွေကျပ် ၃၇၅၀၀၀ လှူဒါန်းသည့်အပြင် ယဉ်ကျေးလိမ္မာသင်တန်း သီချင်းတေးကဗျာများဖြင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက တီးမှုတ်သီဆိုဖျော်ဖြေပေးခဲ့ကြသည်။

လူသူအရောက်အပေါက်နည်းသော ကျေးရွာလေးရှိ လိုအပ်နေသောကွက်လပ်ကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အားနည်းချို့ငဲ့မှုမရှိစေရေးအတွက်လည်းကောင်း၊ ပညာရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ကျေးရွာဖွံ့ဖြိုးရေးများအတွက်ပါကုသိုလ်ရှင်များ၊ ပရဟိတအသင်းအဖွဲ့များက ကြိုးစားရှာဖွေဖြည့်ဆည်းပေးလျက်ရှိနေသည်။

ဆက်လက်၍ ပါဝင်လှူဒါန်းဖြည့်ဆည်းလို သူများကလည်း မင်းလမ်းကန်ကျေးရွာမှ ဖိတ်ခေါ်လျက်ရှိ ကြောင်း သိရသည်။

**ခင်သန်းဦး(ဖန်ခါးမြေ)**

# မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး ကျင်းပ

**မိတ္ထီလာ ဇွန် ၁၁**

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၉ နာရီက ကန်တော်မင်္ဂလာခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံကသက်ဆိုင်ရာကချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ချေးပေးနေချိန်တွင် ရရှိသည့်ချေးငွေကို အကျိုးရှိရှိအသုံးချသွားရန်လိုအပ်ကြောင်း၊ ချေးငွေဖြင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြမှသာ တိုးတက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်အတွင်းရှိ သမဝါယမအသင်းသားများသို့ အခြားကုမ္ပဏီများမှရောင်းချသော လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများဖြစ်သည့် ထွန်စက် ၁၂ စီး၊ ထော်လာဂျီ သုံးစီး၊ လက်တွန်းထွန်းစက် ၁၃ စီး၊ အင်ဂျင် ၂၀ လုံး၊ ဆက်စပ်ပစ္စည်း ၁၁ ခု၊ သုံးဘီးဆိုင်ကယ် တစ်စီး၊ ငါးဘီးဆိုင်ကယ် နှစ်စီး ၊ ဖောကား ငါးစီး စုစုပေါင်း ၆၈ မျိုးအတွက် တန်ဖိုးငွေကျပ် ၄၇၈ ဒသမ ၉၈၈ သန်းကို အရစ်ကျငွေချေစနစ်ဖြင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အမှုဆောင်ဒါရိုက်တာ ဦးတင်ငွေကလည်းကောင်း၊ ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှ စက်ကိရိယာများကို အသင်းပေါင်း ၁၉ သင်း၊ အသင်းသားပေါင်း ၂၀ ဦးအတွက် စက်ပစ္စည်းအရေအတွက် ၂၀ စီး၊ တန်ဖိုးငွေကျပ် ၅၆၂ ဒသမ ၄၄၇ သန်းကို ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

TET LANN CONCRETE CO.,LTD

ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| Sales & Marketing Manager | M/F | 1 Post |

(အသက် ၃၀ နှင့် ၄၅ကြား)၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးလျှောက်ထားနိုင်သည်။

| | | |
|---|---|---|
| Sales & Marketing Staff | F | 15 Posts |
| Engineer(B.E-Civil) | M/F | 4 Posts |

အတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
ဆက်သွယ်ရန်-တိုက်အမှတ်(F-4)၊ အခန်းအမှတ်(၃၀၈)၊ ရှုခင်းသာ(၅)လမ်း၊ ရှုခင်းသာအိမ်ရာ၊ သာကေတ။
Ph:09-31774447/ 01-9190545

YANGON SCHOOL OF BUSINESS
(EPS - TOPIK)
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း
ကိုရီးယားနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်လိုသူများအတွက်
(Eps - Topik) တန်းခွဲသစ်များဖွင့်လှစ်နေပါသည်။
လစဉ်တန်းခွဲသစ်များ ရှိပါသည်။
အမှတ် (၂၉)၊ ၇-လွှာ၊ လှည်းတန်းမှတ်တိုင်၊ အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-254061559, 09-795989963, 09-73003160

မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း MPA
ဒုတိယအကြိမ်ညီလာခံနှင့်အမှုဆောင်သစ်ရွေးချယ်ပွဲ
သုတေသနစာတမ်းနှင့်ပိုစတာပြိုင်ပွဲအစီအစဉ်ပြောင်းလဲခြင်း
ကျင်းပမည့်နေရာ ။ ။ ဆေးဝါးတက္ကသိုလ်
(၆)ကွေ့၊ ဝေဘာဂီမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ကျင်းပမည့်နေ့ရက် ။ ။ ၁၂-၇-၂၀၁၅ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉:၀၀ နာရီ မှ
ညနေ ၅:၀၀ နာရီ
အသင်းဝင်ပြီးသော ဆေးဝါးပညာရှင်များသည် ဝင်ကြေးအခမဲ့တက်ရောက်ခွင့်ရှိပါသဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ (၃-၇-၂၀၁၅) နောက်ဆုံးထား၍ အကြောင်းကြားစာရင်းပေးသွင်းကြပါရန်နှင့် အသင်းသားအားလုံးတက်ရောက်နိုင်ရန် ဖိတ်ကြားအသိပေးအပ်ပါသည်။
၁။ ဒေါ်မိမိစော - 09 5060428
၂။ ဒေါ်တင်မိုးလှိုင် - 09 5098452
၃။ ဒေါ်ခင်သီတာစိုး - 09 73074141
၄။ ဒေါ်သန္တာဝင်း - 09 73161540

ဝန်ထမ်းအလိုရှိသည်
Aung Tayza Myo Trading Co.,Ltd
**1. Offset 4 Unit Machine Operator** ကျား(၂)ဦး
- လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
**2. Senior Accountant** မ(၁)ဦး
-L.C.C.I Level III အောင်မြင်ပြီး၊ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့်အထက်ရှိရမည်။
**3. Marketing** ကျား/မ(၅)ဦး
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- Marketing လုပ်ငန်းကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ပြီး လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။
- ယောကျ်ားလေးဖြစ်ပါက ကားမောင်းတတ်ရမည်။
- အသက်(၂၅)နှစ်နှင့်အထက် ဖြစ်ရမည်။
လျှောက်ထားလိုသူများသည် CV Form ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အောက်ပါလိပ်စာအတိုင်း ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ်(၁၅၇/ခ)၊ ပထမထပ်၊ (၄၇)လမ်း (အပေါ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၈၆၁၀၀၁၇၊ ၀၁-၃၉၇၁၅၀

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
အမှတ်(၆၀၁/A)၊ သီရိမင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ (၆) လွှာ
1400sqft/3MB ၊ မီးဗို ၊ ဧည့်ခန်း ၊ Air-cons ၊ ပါကေး၊ ကြွေပြား၊
ရေပူရေအေး၊ (Lift) ၊ ရေမီးစုံ၊ အသင့်နေထိုင်နိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းနံပါတ်- 09 5153848, 09 254417277

စက်ရုံငှားရမ်းလိုသည်
သီလဝါစက်မှုဇုန်အနီး
စက်ရုံငှားရမ်းလိုသည်။
ဂိုဒေါင်၊ လျှပ်စစ်မီးအဆင်သင့်ရှိရမည်။
ဆက်သွယ်ရန် ဖုန်း-၀၉ ၅၀၀၀၁၈၀

ကမ်းနားလမ်းမပေါ်၊ ကြည့်မြင်တိုင်မြို့နယ်။
Bank, Show Room ဖွင့်ရန်သင့်တော်
တိုက်သစ် 2½ တိုက် 5500
ကမ်းနားလမ်းမပေါ်
မျက်နှာစာ (၅၀) ပေ (သိန်း)
09-31258312, 09-36307368

## အခန်းဆက်ဆောင်းပါး

**သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသန ပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "ဖြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။**

**ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့နိပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက်ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရတနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လှူတန်းကြ မန္တလေးမြို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာဆိုင်ရာ လှူဒါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှူဒါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။**

**ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)**

# ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်

## နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

မင်းတရားကြီးသည် ရွှေမြို့တော်တွင် ကျောက်ဆစ်အမှုထမ်းတို့အား ကိုယ်တိုင်ရွေးချယ်၍ နန်းကံကျွေးဝန်နေမျိုးစည်သူ၊ ကင်းစားရွှေတောင် ဇေယျနော်ရထာတို့ကို ကြပ်မတ်ထုလုပ်စေတော်မူသည်။ ကိုယ်တော်တိုင်လည်း မကြာခဏသွားရောက်ကြည့်ရှုတော်မူသည်။ သက္ကရာဇ် ၁၁၉၉ ခုနှစ် နောင်တော်ဘကြီးတော်နောက် ကုန်းဘောင်မင်းခေါ် သာယာဝတီမင်းနန်းတက်သည်။ နန်းသက်(၉)နှစ်မျှသာကြာသည်။ စိတ်ရူးသွပ်ဝေဒနာ စွဲကပ်သဖြင့် ၁၂၀၈ ခုနှစ်တွင် သားတော်ပုဂံမင်းအား နန်းလွှဲခဲ့သည်။ ပုဂံမင်းလက်ထက်တွင် အင်းဝ၌ ချိုနွယ် ပိတ်ပေါင်းထယိုယွင်းနေသော ကျောက်တော်ကြီးရုပ်ပွားတော်အား ပင့်ဆောင်ကိုးကွယ်ရန် စိတ်ကူးရရှိတော်မူ သည်။ ၁၂၁၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်တွင် ဆရာတော်၊ သံဃာတော်တို့ကို သမ္ဗာန်တော်များဖြင့် ပင့်တက်၍ ရှေးဦးရှေးဖျား ကြွစေသည်။ ကိုယ်တော်တိုင်လည်း ရွှေလောင်းရွှေလှေတော်များဖြင့် ထွက်တော်မူကြီး ထွက်တော်မူသည်။

ရုပ်ပွားတော်တင်ဆောင်သည့် ပြာသာဒ်တော်ကို ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက်မှ ပြည်သူများက သောင်းသောင်း ဖြဖြကြည်ညိုပူဇော်ကြသည်။ ထိုမှတစ်ဆင့် တောင်သမန်အင်းရေပြင်သို့ ဖောင်တော်ဆွဲငင် ပင့်ဆောင်စေသည်။ အမရပူရ ရွှေနန်းတော်ကြီး ဒက္ခိဏာရပ် တောင်သမန်မြရိပ်၌ ပင့်ဆောင်ကိုးကွယ်တော်မူခြင်းဖြစ်သည်။ တောင်သမန်ရွာနှစ်ရွာကြား (ဘိုးတော်မင်းလက်ထက်သံတမန်ကြီးတို့ တည်းခိုရာသံတဲ) အနောက်ဘက်တွင် ပန္နကုမ္ဘီတိုက် အုတ်ပြာသာဒ် တည်ဆောက်စေသည်။

ပုဂံမင်းတရားသည် ရှေးပုဂံပြည်၌ ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီးအား ရဟန္တာအရှင်မြတ်များ ဖန်ဆင်းပြသ နှင်းအပ်ရသော အာနန္ဒာဘုရား လိုဏ်ပုံပြာသာဒ်ကဲ့သို့ အတုယူဆောက်လုပ်စေခြင်းဖြစ်သည်။ ၁၂၁၂ ခုနှစ် တော်သလင်းလပြည့်ကျော် (၈)ရက် ပုဂံမင်းသည် မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ စော်ဘွား၊ မြို့စား၊ မှူးတော်၊ မတ်တော်တို့နှင့်အတူ ထွက်တော်မူ၍ မဟာသကျရံသီ ကျောက်တော်ကြီးဘုရား လိုဏ်မုခ်ပေါင်း ဂူပြာသာဒ်ဦး၏ တတိယပစ္စယံ အထက်ကွမ်းထောင်တော်တွင် မင်္ဂလာအခါယူ၍ ဌာပနာသွင်းလှူပူဇော်သည်။ လိုဏ်ဂူ တော်ကို ပန်းပဲအတွင်းဝန် သတိုးမင်းကြီး မင်းလှကျော်သူ ဦးစီးတည်ဆောက်သည်။ (မန္တလေး အိမ်တော်ရာ ဘုရားထီးတော်ကိုလည်း ဤမင်းကြီးပင် တည်လုပ်သည်။) (တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများစာအုပ်၊ ကိုပညာ(အမရပူရ)၊ (စာ-၃၆) မဟာသကျရံသီ ရုပ်ပွားတော်ကြီး ကိန်းဝပ်ရန်ဘုရား၊ အုတ်ရိုး၊ အင်္ဂတေမဟာရံတံတိုင်း မီးတားနှစ်ထပ်နှင့် တကွ လုပ်ဆောင်ပြီးလျှင် ၁၂၁၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၉)ရက် ထီးတော်တင်လှူပွဲကြီး ကျင်းပခဲ့သည်။ ထီးတင်ပွဲတွင် သေပြစ်သေဒဏ် အပြစ်ခံရနေရသူနှင့် ထောင်တန်းအကျဉ်းခံနေရသူ ယောကျ်ား၊ မိန်းမ (၄၁)ဦးတို့အား ထိပ်ကြိုးသံကွင်း၊ ခြေချင်း၊ ထူးပွတ်၊ နှောင်ဖွဲ့လွှတ်၍၊ ဘေးမဲ့ချမ်းသာပေးတော်မူသည်ဟု သမိုင်း ကျောက်စာ၌ ရေးထိုးထားသည်။

သစ်ပင်အုပ်အုပ်နှင့် ကျောက်တော်ကြီးဘုရားကို တောင်သမန် ကန်ပတ်လမ်းပေါ်မှလည်း လှမ်းဖူးမြော်နိုင်သည်။ ရန်ကုန်-မန္တလေး ရထားပေါ်သွားရင်း လှမ်း၍ ဖူးမြော်နိုင်သည်။ ယခု လွယ်ကူစွာသွားရောက်ဖူးမြော်နိုင်ပြီဖြစ်သည်။ ထူးခြားစိတ်ဝင်စားဖွယ်ရာကား ကျောက်တော်ကြီးဘုရားလိုဏ်ဂူ လေးဘက်လေးတန် အမိုးနံရံများမှ ဆေးရောင်စုံ နံရံပန်းချီလက်ရာများဖြစ်သည်။ အမရပူရခေတ်၏ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ကျောင်းတော်၊ စေတီတော်ပုံများ မှတ်သားလေ့လာခွင့်ရရှိနိုင်သလို ထိုခေတ်၏ လူနေမှု၊ ဝတ်စားဆင်ယင်မှု ပုံရိပ်များကိုလည်း လေ့လာမှတ်သားရသည်။ မျက်နှာကြက်အမိုးတွင် နက္ခတ်တာရာ (၁၂) ရာသီခွင်ရုပ်များကိုလည်း လေ့လာမှတ်သားရသည်။ သမိုင်းတန်ဖိုးရှိသော နံရံဆေးရေးလက်ရာများ ဖြစ်သည်။

**တောင်မင်းကြီးဘုရား၊ ပုထိုးတော်ကြီး၊ နဂါးရုံဘုရား၊ မင်းဘယက်ဘုရား**

အမရပူရ လူနေရပ်ကွက်များ၊ ဝင်းများ၏ဝန်းကျင်၌ ဤကဲ့သို့သော သမိုင်းဝင် ရာဇဌာနီမင်းနေပြည်၏ စေတီပုထိုးများသည် ရပ်ကွက်ဝင်းကြီးများ ပျောက်သွားသော်လည်း ယနေ့ထိ ထီးထီးမားမား တည်လျက်ရှိသည်။ အမရပူရတစ်ခွင် လေ့လာစရာများသည် ယဉ်ကျေးမှုအမွေအနှစ် အမရပူရခေတ်လက်ရာ စေတီပုထိုးများဖြစ်သည်။ တံတားအနောက်ထိပ်၌ တောင်သမန်တောင်ကြီးဘုရားမှာ အမရပူရတွင် ဉာဏ်တော်အမြင့်ဆုံးဘုရားတစ်ဆူဖြစ်သည်။ ရှေးက တန်ဆောင်းမရှိသဖြင့် နေပူခံဘုရားကြီး ခေါ်ဝေါ်သည်။ ဘိုးတော် ဗဒုံမင်းလက်ထက် တောင်မင်းကြီးတည်ခဲ့သဖြင့် တောင်မင်းကြီးဘုရားဟု တွင်ခဲ့သည်။ ၁၂၀၀ ပြည့်နှစ်တွင် မြေလျှင်လှုပ်သဖြင့် ပြိုကျပျက်စီးခဲ့ရာ ၂၀၁၂ ခုနှစ် ပုဂံမင်းလက်ထက်တွင် ထပ်မံပြုပြင်သည်။ ဉာဏ်တော် ၃၁ တောင်၊ သင်းကျစ်တော် အလျား ၁၂ တောင်၊ ပါးစပ်တော် လေးတောင်တစ်ထွာ၊ နားတော်၊ နားပေါက်အတွင်း လူတစ်ယောက်ဝင်ထိုင်နိုင်သည်ထိ ကြီးမားသော ထိုင်တော်မူ ရုပ်ပွားတော်ကြီးဖြစ်၍ တောင်သမန်ရောက်သူ ဗုဒ္ဓဘာသာဝင်တိုင်းဖူးကြသည်။

မြို့မြောက်ဖျားတွင် ပုထိုးတော်ကြီးဘုရားရှိသည်။ ယခင် ရွှေနန်းတော်၏ အနောက်တောင်ထောင့်ဖြစ်သည်။ ၁၁၈၁ ခုနှစ်၌ ဘကြီးတော်မင်း တည်ထားသည်။ ပုဂံခေတ်ထင်ရှားသော စဥ့်ကွင်းပုံများ စေတီတော်ပစ္စယာတွင် ထည့်သွင်းတည်ထားသဖြင့် ထူးခြားသည်။ သမိုင်းအထောက်အထား ကျောက်စာရှိသည်။ ယင်း၏ နောက်ဘက်တွင် ရွှေဂူကြီးဘုရားတည်ရှိသည်။ ဈေးချိုရပ်ကွက်နှင့် မှန်တန်းရပ်ကွက်ကြားတွင် ရှေးအဆောက်အအုံလက်ရာများနှင့် လျှောင်းတော်မူရုပ်ပွားမှအစ လေ့လာကြည်ညိုဖွယ် ဘုရားဖြစ်သည်။ ဗဒုံမင်းလက်ထက် မူလထိုးကျောက်စာရှိသည်။ ကျောက်စာပါ မူလကောင်းမှုရှင်သည် နရပတိစည်သူဖြစ်၍ ထပ်မံပြုပြင်သူမှာ ဗဒုံမင်း၏ အိမ်ရှေ့ဥပရာဇာနှင့် မိဖုရားတို့ဖြစ်ကြသည်။ သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် ပြုပြင်ပြီး ဉာဏ်တော်အတောင် ၆၀ ခန့်ရှိသည်။ အမရပူရခေတ် ပန်းတော့၊ ပန်းတမော့လက်ရာများ လေ့လာနိုင်မည့်စေတီတော်ကြီး၏တောင်ဘက် ရွှေဂူသာလိုဏ်ဘုရားတွင် နံရံဆေးရေးပန်းချီများရှိသဖြင့် ရှေးဟောင်းသုတေသနမှ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်ထားသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**


## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ ၏အလတ်စား စီးပွားရေး ကုန်ထုတ်လုပ်မှုနိုင်ငံ့စွမ်းဆောင်ရည် "တတိယဆု" ဆွတ်ခူးရရှိသော ဦးသိန်းကြည် (Chairman - NIBBAN လျှပ်စစ်နှင့် အီလက်ထရွန် နစ်လုပ်ငန်း) ကို လှိုက်လှဲဝမ်းသာ ဂုဏ်ပြု အပ်ပါသည်။

Active Techno - Entrepreneurs

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်နိုင်ငံတော်သမ္မတ၏ အသေးစားစီးပွားရေး ကုန်ထုတ်လုပ်မှုနိုင်ငံ့စွမ်းဆောင်ရည် "ဒုတိယဆု" ဆွတ်ခူး ရရှိသော ဦးကိုလေး (MD - JKL အဆင့်မြင့် လူသုံးကုန် ပစ္စည်းနှင့် ထုပ်ပိုးကုန်စက်ရုံ)ကို လှိုက်လှဲဝမ်းသာ ဂုဏ်ပြု အပ်ပါသည်။

Active Techno - Entrepreneurs

◆ World Class Engine Oil "HANA Plus"
◆ ကမ္ဘာ့အဆင့်မီ အင်ဂျင်ဝိုင် "ဟာနာ ပလပ်စ်"
◆ အင်ဂျင်အတွက် လိုအပ်သောစွမ်းရည် (၆)မျိုးလုံးကို တစ်မျိုးထဲမှ ပြီးပြည့်စုံနိုင်သည့် " HANA Plus "

Save Your Engine
Save Your Money

"HANA Plus"



HANA PLUS

ISO - 9001/14001
Korea patent Number - 10-1336294

Phone : 09-977998881, 09-977998882, www.hanarokmmyanmar.com

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

လောလောဆယ်တော့ ရန်ကုန်ကို မပြန်ရလို့ ခိုင် ဝမ်းမနည်းပါဘူး။ အင်းယားကန်နဲ့ တိရစ္ဆာန်ရုံကို ဩကာသလောကအဖြစ် ကြည့်နေရတဲ့ ရန်ကုန်ကို ခိုင် နည်းနည်းမှ မလွမ်းပါဘူး . . .။

အထက်မြန်မာပြည် မြို့ကြီးတွေကိုတော့ ခိုင်တို့ တော်တော်နှံ့အောင်လည်ပြီးပြီ။ ခန့်ညားတယ် မောင်။ ကျောက်ပန်းတောင်းနဲ့ ပုပ္ပားတစ်ဝိုက်ကျရင် မောင် မမြင်ဖူးတဲ့ တဇောင်းပဒုမာ အပါအဝင် တဇောင်းမျှင်မျှင်၊ တဇောင်းဖွားဖွား၊ တဇောင်းသွယ်သွယ်၊ တဇောင်းမျိုး အလှယ်လှယ်ကို တွေ့ရတယ်။ ကျောက်ပုံကနေ မိတ္ထီလာကို လာရင် လမ်းမှာ ခံပွင့်တွေကို တွေ့ရတယ်။ ခံပွင့်ကို စံပယ်ထက် ဂုဏ်နိမ့်ပြီး ဘာလို့ စာစပ်သွားလည်း မသိဘူး။ ခံပွင့်ဟာ သိပ်မွှေးတယ် မောင်။ အပွင့် ကလေးကသေးတော့ မိုးကောင်းကင်က ကြယ်ပွင့်ကလေး တွေနဲ့ သိပ်တူတာပဲ။

စစ်ကိုင်းကျမှ ဦးကြင်ဥရဲ့ ဒဟတ်ပင်နဲ့ ဒဟတ်ပန်းကို ခိုင် မြင်ဖူးတယ်။ ပြောစမှန်ဆန်းတဲ့ တောဒဟတ်ပန်းဆိုတာပေါ့ . . .။

မုံရွာတစ်ခွင်ကိုတော့ . . . ဆရာ ဘုတလင်ချစ်လေးနဲ့ ခိုင့်သူငယ်ချင်း ကိုသိန်းနိုင်တို့ ကျေးဇူးကြောင့်နှံ့အောင် ခိုင် ရောက်ဖူးတယ်။ အမေရိကန် ရောက်ဖူးတဲ့ ခိုင့်ဆရာကထိကတစ်ဦးက ပြောတယ်။ မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးကို ဖူးမိတဲ့အခါမှာ ကုလသမဂ္ဂ အဆောက်အအုံကြီးကို အထင်မကြီးတော့ဘူး . . .။ ကုလသမဂ္ဂ အဆောက်အအုံကို မမြင်ဖူးတော့ ခိုင် မပြောတတ်ဘူးလေ။ ခိုင်ကတော့ မုံရွာကနေ ညောင်ပင်ကြီးဘက်ကမ်း ကူးရတာ သိပ်ပျော်တယ်။ နွေဆိုရင် မြစ်ရေက စိမ်းလဲ့လဲ့နေတယ်။ မြစ်လယ်က ကြည့်ရင် ကြေးစည်တောင် အပါအဝင် တောင်တွေတောတွေဟာ မြတံတိုင်းလို မှိုင်းနေတယ်။ ခိုင်ကလေ . . . "သလ္လာရော . . .။ ခွေဝိုက်ကာကွေး . . .၊ တောင်စဉ်ငဲ့ တိမ်လွှာကြိုင်မွှန်း ရေသွန်းမန္ဒာ . . ." ဆိုတဲ့ စိန်ကြောင်နီလာပတ်ပျိုးက အဲဒီအပိုဒ်ကို မဆိုဘဲ မနေနိုင်ခဲ့ဘူး . . .။

မောင် . . . သန်လျင်ကိုတော့ ခိုင် လွမ်းပါတယ်။ ဒါပေမယ့် သန်လျင်က ခိုင့်အတွက် သိပ်အတိတ်ဆန်တယ်။ အတိတ်ဆိုတာဟာ လွမ်းစရာကောင်းပေမယ့် မပိုင်နိုင်တော့တဲ့ တရားမဟုတ်လား။

ခိုင်က မလွမ်းချင်ပါဘူး။ မလွမ်းချင်လို့လည်း မလိမ္မာချင်ပါဘူး။ အမိုက်အမဲကို ခွင့်လွှတ်ပါ

**မောင်ကြီးရှင့်။**

**မောင့်မိခိုင်**

**(၂၇) သူ့မှာ အိပ်မက်တွင်းက လူပေမို့**

"လွမ်းကပူဆွေး ၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏ "

ဥမ္မာဒန္တီပျို့ဆရာကို ရိုသေပါ၏။ သို့သော်လည်း ဥမ္မာဒန္တီပျို့လာ ဤစာပိုဒ်ကိုမူ ကန့်ကွက်ရပါမည်။ ကျွန်တော် ရှင်းပြပါအံ့။

ကျွန်တော် ဆေးတက္ကသိုလ်၌ အကြိတ်အနယ် ကြိုးစားနေဆဲ နောက်ဆုံးနှစ်တွင် ငြိမ်းမောင် ပြန်ရောက်လာခဲ့သည်။

ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်၊ ဘဝကို အန်တုဖက်ပြိုင်၍ အနိုင်ယူခဲ့သော ကျွန်တော့်သူငယ်ချင်းငြိမ်းမောင်။

ယခုမူ ကျွန်တော် ဂုဏ်ယူခဲ့ရပါပြီ။

အေးသောအရပ်တွင် အနေကြာလာခဲ့သောကြောင့် နဂိုက လတ်သော ငြိမ်းမောင်၏ အသားသည် ပိုဖြူဝင်းနေ၏။အသားပိုဖြူဝင်းလာသောအခါနက်သောမျက်ခုံးများက ပိုမှောင်လာသည်။ ပြုံးရီသောမျက်လုံးများကလည်း ပိုမိုအရောင် တောက်ကာ သိန်းငှက်မျက်လုံးပမာ ရဲရင့်နေ၏။

သူ့အသားအရေနှင့် လေတပ်မတော်၏ မီးခိုးရောင် စစ်ဝတ်စုံသည် လိုက်ဟပ်လှသည်။ ငြိမ်းမောင်သည် အရပ်မရှည်သော်လည်း ပခုံးကား၍ ရင်ခွင်ကျယ်ပြီး ခါးသေးသောကြောင့် အချိုးအချိတ်မှုကျ၏။ ရှူးဖိနပ်၊ ကက်ဦးထုပ်တို့ပါ ဖြည့်စွက်လိုက်သောအခါ ငြိမ်းမောင်၌ လူရိုသေ ခန့်ညားဖွယ်သော သွင်ပြင်လက္ခဏာပြည့်နေ၏။

ငြိမ်းမောင် ပြန်ရောက်စဉ် ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးသည် တစ်ခါတုန်းကကဲ့သို့ပင် တစ်မြို့လုံး လျှောက်လည် စားသောက်ကြသည်။ ဤအကြိမ်တွင်မူ ငြိမ်းမောင်က ဒကာခံ၏။ တစ်ခါတစ်ရံ ငြိမ်းမောင်နေရာ မင်္ဂလာဒုံအရာရှိရိပ်သာသို့ ကျွန်တော်က လိုက်၍ စားသောက်တတ်သည်။ ညဉ့်လည်း အိပ်သည့်အခါ အိပ်သည်။ ပျော်ရွှင်ဖွယ်အကောင်းဆုံး အချိန်များပင် ဖြစ်ခဲ့ပါသည်။ ဤမျှပျော်ရွှင်ဖွယ်ကို ပေးခဲ့သော လူ့ဘဝကို ကျေးဇူးတင်ပါ၏။

ဤပျော်ရွှင်ဖွယ် အချိန်များအတွင်း ငြိမ်းမောင်သည် ခိုင်နှင့် ပတ်သက်သော သူဘဝရေ့ရေးကို မပြော။ မပြောသည် ကိုလည်း နားလည်ပါသည်။

ငြိမ်းမောင်ဖခင်သည် အိပ်ရာထက်လဲနေသည်မှာ ကြာပါပြီ။ ငြိမ်းမောင်၏ အစ်မနှစ်ယောက် ဦးစီးဆောင်ရွက်လုပ်ကိုင်နေသော ခာတ်ပုံတိုက်လုပ်ငန်းမှာ မအောင်မြင်ဟု မဆိုနိုင်စေ၊ ဝင်ငွေများလှသည်မူမဟုတ်။ ငြိမ်းမောင် ပြန်ရောက်ချိန်၌ ညီအကြီးသည် ကောလိပ်ရောက်လာ၏။ ညီလတ်ကား တက္ကသိုလ် ဝင်တန်း၌။ ညီငယ်ကား . . . ရှစ်တန်းတွင်။ ငြိမ်းမောင်ကို တာဝန်တို့ကစောင့်နေသည်။

ဤအိမ်တွင်း မိသားစု "ဝမ်းရေး"အပြင် ငြိမ်းမောင်အတွက် "ပြည်ထဲရေး"ကလည်း တစ်မှောင့်ပူလာသည်။

ငြိမ်းမောင်၏ စာ၌ ရည်ညွှန်းခဲ့သည့်အတိုင်း ၁၉၅၀ ခုနှစ်လောက်ကတည်းမှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်လာသူ တရုတ်ဖြူတို့ရန်သည် မီးပွားကဲ့သို့ ကြာလေ ကြီးထွားလာခဲ့သည်။

ဤရန်မီးပွားကို စတင်ရင်ဆိုင်ရသူများမှာ ပြည်ထောင်စု၏ လက်နက်ကိုင် (ကြည်း)တပ်မတော်သားများ ဖြစ်ခဲ့ပါသည်။ သို့ရာတွင် လွိုင်တပ်၊ ပန်းလောင် တောင်မြင့်ဒေသစစ်ပွဲများမှစ၍ တပ်မတော်(လေ)သည် အရေးပါသော အခန်းမှ ပါဝင်လာသည်။ ၁၉၅၂-ခုနှစ်၊ နိုဝင်ဘာလတွင် မောင်းပြင်တွင် စုရုံး၍ ကျိုင်းတုံ၊ မောင်းပြင်လမ်းကို ခြိမ်းခြောက်ရန်ပြုလာသော တရုတ်ဖြူများကို ချေမှုန်းရာ၌ ကြည်းတပ်မတော်နှင့် လေတပ်မတော်သည် လက်တွဲညီတူ ပြည်သူ့ဝန်ကို ထမ်းခဲ့ကြသည်။

ငြိမ်းမောင် ပြန်ရောက်ချိန်၌ မဟာနှင့် နဂါးနိုင်စစ်ဆင်ရေးကြီးများ စ,နေပေပြီ။

လေတပ်မတော်သည် တောတောင် ကန္တာရအတွင်းရှိ ရဲဘော်ရဲဘက်များထံ စားနပ်ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို ရာသီဥတုဆိုးနှင့် တိမ်ခိုးတောင်စွယ်တို့ကို ပမာမပြုဘဲ ချပေးရ၏။ ရန်သူ့အချက်အချာနေရာများကို သေနင်္ဗျူဟာနည်းကျစွာ တိုက်ခိုက်ပေးရ၏။

လေတပ်မတော်၏ သူရဲဗိုလ်တစ်ဦးဖြစ်သူ ငြိမ်းမောင်၌လည်း အားလပ်ခွင့် မရှိတော့၊ မိတ္ထီလာမှာ တာဝန်ကျသည့်အခါကျသည်။ မင်္ဂလာဒုံမှာ တာဝန်ကျသည့်အခါ ကျသည်။ တစ်ခါတစ်ရံတွေ့စဉ် မုတ်ဆိတ် ပါးမြိုင်းမွေးများ ရှိနေတတ်သည်။

အမှန်မှာ . . . ဝမ်းရေးနှင့် ပြည်ထဲရေးသည် လွမ်းရေးထက်ပိုခက်ပါ၏။ ဆိုက်ရက်လာသော တစ်နေ့တွင်ကား ကျွန်တော်တို့အားလုံး ပြန်တွေ့ခွင့်ရသည်။ ထိုအချိန်မှာ အတာ ကူးသည့် နှစ်ဦးကိုကြိုဆိုသော သင်္ကြန်ကာလ၌တည်း။

ကိုကိုက တာဝန်နှင့် ဌာနချုပ်သို့ ဆင်းလာသည်။ တပ်မှူးများစုံ၍ ညှိနှိုင်းစရာများ ရှိနေသောကြောင့် ရက်တို့ ကြာ၏။ သင်္ကြန်တွင်း၌ ကိုကို ရန်ကုန်၌ပင် ရှိနေရ၏။ မြိုင်၊ ခိုင်နှင့် လှိုင်တို့လည်း ပါလာကြသည်။ ရှားရှားပါးပါး အားလပ်ခွင့်ရခဲ့သော ငြိမ်းမောင်သည်လည်း မင်္ဂလာဒုံတွင်ပင် ရှိနေ၏။

ကျွန်တော်က အမ်ဘီဘီအက်(စ်) နောက်ဆုံးစာမေးပွဲကြီးကို အောင်အောင်မြင်မြင် ဖြေဆိုခဲ့ပြီးပြီ။

ခိုင်က ဘီအေ နောက်ဆုံးနှစ် ဖြေလာခဲ့၏။ လှိုင်က ပထမနှစ် ဥပစာသိပ္ပံစာမေးပွဲကို သတ္တဗေဒဘာသာတွဲနှင့် ဖြေလာသူ ဖြစ်နေပြီ။

ဤသို့ ပြန်လည်ဆုံတွေ့ကြသောအခါ အံ့ဩရသူမှာ ကျွန်တော်သာ ဖြစ်ခဲ့ပါ၏။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်၊ အပတ်စဉ်(၁၀)မှ ချစ်သူငယ်ချင်း ကိုအောင်မြင့်သိန်းနှင့် ချစ်သူငယ်ချင်း မယဉ်ပို့တို့၏ သမီးထွေး၊ မဆုမွန်(ခုံအမှတ် ဆဒ၈-၃၄၉) အထက (၁)ဒဂုံသည် ၂၀၁၄-၂၀၁၅ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာ၊ ဘာသာစုံဂုဏ်ထူးနှင့် အမှတ်ပေါင်း-၅၅၇မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး(ဒုတိယ)အဆင့်ရရှိ၍ ထူးချွန်ပြောင်မြောက်စွာ အောင်မြင်ပါသဖြင့် CPA သူငယ်ချင်းများအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**B.Com.,C.P.A(10th Batch)**မှ သူငယ်ချင်းများ

မယဉ်(CA,MPA-Allied)၊ ရီရီခင်(အောင်သမာဓိငွေချေးလုပ်ငန်း)

နီနီစိန်(CA,MAPML)၊ မာလာ (GM-ကောင်းမြန်မာ Construction)

မမြင့်မြင့်ထွန်း၊ တိုးတိုး၊ ထွေးထွေးဝင်း



**အဆင့်မြင့်အဆောင်ထားရန်ရှိသည်**

ရန်ကုန်မြို့ပေါ်ရှိ သင်တန်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ နိုင်ငံတကာ Private colleges (MIC, Gusto college, KMD, MCC, Noble college, Victoria college စသည့်များ) သို့တက်ရောက်လိုသူများအတွက် အဆင့်မြင့် ဘော်ဒါဆောင် ထားသည်။

နံနက်စာ၊နေ့လယ်စာ၊ညစာ၊အဝတ်လျှော်၊မီးပူတိုက်၊အခန်းသန့်ရှင်းရေး၊လေအေးပေးစက်တပ်ဆင်ထားသောအိပ်ခန်းများ၊ကျောင်းကားများစီစဉ်ပေးသည်။

**အမှတ် (၇၇)၊စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

ဆက်သွယ်ရန် ဖုန်းနံပါတ် - 09 - 5055412, 09 - 73126466, 01-510367



**လှိုင်မင်းလတ်** စာရင်းကိုင်သင်တန်း Nov Series / 2015

June-13 စမည်။

**LCCI, MYOB, IFR**

| Level I+II | သင်တန်းချိန် | Level III | |
|---|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | Sec(A) Sat-Sun | 3-8 pm |
| Sec(B) Sat+Sun | 9-11(am) | Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Sun | 11-3(pm) | Sec(C) Tue-to-Fri | 9-12 am |
| Sec(D) Mon+Tue | 6-8 (pm) | | |
| Sec(E) Mon to Fri | 12-3(pm) | | |
| Sec(F) Sat | 11-3(pm) | | |
| Sec(G) Wed | 11-3(pm) | | |

ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ 09 510 9922, 0979 510 9922, 0997 510 9922

၃၄ ၊ ၄ လွှာ၊ အင်းစိန်လမ်းမ။ လှည်းတန်း ဗဟာရွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677



Condo ခန်း ရောင်းရန်ရှိသည်

ရွှေတိဂုံဘုရား အနီး အနောက်ရွှေဂုံတိုင် ဗဟန်းမြို့နယ်

Structure Works 95% ပြီးစီး

1sqft လျှင် ၂ သိန်း ၅ သောင်းကျပ် မှစတင်

လူနေထိုင်ခွင့် August 2015 တွင်ရမည်။

Lift, Swimming Pool, Gym Room, 24Hour Backup Generator ပါရှိ

ကြိုတင်စနစ်ဖြင့်ရောင်းချ၍ Investment အတွက်အလွန်ကောင်းမွန်သည်။

"ကောင်းမွန်သောနေရာကို မှန်ကြတ်သောစျေးနှုန်းဖြင့်ရောင်းချပေးနေပါသည်"

Ph: 09 5002498, 09 795002498

# မန္တလေးကုန်သည်များ၏ဝယ်လိုအားပေါ်မူတည်၍ ကြိမ်သီးများ ဈေးကွက်ဖြစ်



**မကွေး ဇွန် ၁၁**

မန္တလေးကုန်သည်များ၏ ဝယ်လိုအားပေါ်မူတည်၍ ဒေသတွင်း ဈေးကွက်တစ်ခုဖြစ်လာသော ကြိမ်သီးအား နယ်ခံအဝယ်ဒိုင်အချို့မှ ဝယ်ယူစုဆောင်းမှုများရှိနေပြီး အဝယ်ဒိုင်များအပါအဝင် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများမှာ လက်ရှိတွင် အဆင်ပြေလျက်ရှိကြောင်း မကွေးဒေသခံ လုပ်ငန်းရှင်များကပြောသည်။

၎င်းကြိမ်သီးအား အနောက်ရိုးမနှင့် ပဲခူးတိုင်းဒေသကြီးမှ ဝယ်ယူစုဆောင်းရရှိပြီး ကြိမ်သီးမှာ ကျားလျှာ (အချွန်) နှင့် ဖန်သီး (အလုံး) ဟူ၍ နှစ်မျိုးရှိရာ ကျားလျှာမှာ ယခင်နှစ်ကသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်တွင် ကြိမ်ဖန်သီးကိုသာ တရုတ်ဝယ်လက်မှ လက်ခံဝယ်ယူကာ အခွံချွတ်ပြီး တစ်ပိဿာလျှင် ကျပ် ၇၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ သစ်တောထွက်ပစ္စည်းဖြစ်သော ကြိမ်သီးမှာ ယင်းနယ်တစ်ဝိုက်တွင် ဈေးကွက်ဖြစ်ပေါ်လာသည်မှာ နှစ်နှစ်ခန့်သာရှိသေးကြောင်း သိရသည်။

"တရုတ်က အော်ဒါရတဲ့အသီးဆိုတော့ ထွက်ရှိတဲ့နေရာတွေမှာလိုက်ပြီး ရှာရဖွေရတယ်။ ကြိမ်သီးတစ်တင်းကို ကျပ် ၁၆၀၀၀ ကနေ ကျပ် ၁၇၀၀၀ ထိ ဈေးပေးပြီးဝယ်ရပါတယ်။ ပဲခူးမြို့ကနေ မကွေးမြို့ထိ လုပ်သားစရိတ်နဲ့ သယ်ယူစရိတ် တစ်တင်းကို ကျပ်လေးထောင်လောက်ကုန်တယ်။ အလေ့ကျပေါက်တဲ့အပင်က ကောက်တဲ့အသီးဆိုတော့ သစ်တောဥပဒေနဲ့ကင်းလွတ်ပြီးတော့ တောင်သူတွေအတွက်လည်း တစ်ဖက်တစ်လမ်းကနေ အပိုဝင်ငွေရတာပေါ့။ ကျွန်တော်တို့ကဝယ်ပြီး ရလာတဲ့ကုန်ကြမ်းကို အလုပ်သမားတွေ ငှားပြီး အခွံချွတ်ရတယ်။ အခွံချွတ်ပြီး သန့်နေတာကိုမှ ဝယ်လက်ကကြိုက်တာ။ ကြိမ်သီးတစ်တင်းကို အခွံခွာရင် အစေ့ခြောက်ပိဿာလောက်ရတယ်။ အခွံချွတ်တဲ့သူတွေက ကြိမ်သီးကို အဝတ်နဲ့ထုပ်ပြီး တုတ်တွေနဲ့အရင်ရိုက်ပြီးမှ အခွံပြန်ချွတ်ကြတာ။ အလုပ်သမားခက တစ်ပိဿာ အသန့်ချွတ်ပြီး ကျပ် ၄၀၀ ပေးပါတယ်။ လုပ်သားတစ်ယောက် တစ်နေ့ကို ကျပ်ခြောက်ထောင်ကျော် ဝင်ငွေရနိုင်ပြီး မိသားစုလိုက်လုပ်တဲ့သူတွေဆို တစ်ရက်ကျပ်နှစ်သောင်းကျော်လောက်ရကြပါတယ်။ ကျွန်တော်တို့အတွက်လည်း ခေါက်ချိုးလောက်မြတ်တဲ့အလုပ်ပါ" ဟု မကွေးမြို့ ကန်သာရပ်ကွက်နေ ကြိမ်သီးအဝယ်ဒိုင်တစ်ဦးက လုပ်ငန်းသဘာဝအား ရှင်းပြသည်။

မန္တလေးဝယ်လက်၊ မူဆယ်ဝယ်လက်ကို အားထားနေရသည့် ကြိမ်သီးလုပ်ငန်းမှာ ဈေးကွက်အတက်အကျနှင့် ဈေးကွက်ဖြစ်တည်မှု ရှိ-မရှိအခြေအနေများကို တရားသေသုံးသပ်ရန် အခက်အခဲဖြစ်ပြီး ဈေးကွက်အတက်အကျမြန်ဆန်တတ်သောကြောင့် အော်ဒါရရှိမှသာ ဝယ်ယူစုဆောင်းမှုအဆင်ပြေနိုင်ကြောင်း အဝယ်ဒိုင်တစ်ဦးက ပြောသည်။

ယင်းကြိမ်သီးအား ကြိုတင်လှောင်ကုန်စနစ်ကျင့်သုံးရန် မဖြစ်နိုင်သေးသော်လည်း အဆိုပါကြိမ်သီးများကို ဖန်စီလက်ဝတ်ရတနာနှင့် အလှဆင်ပစ္စည်းများအဖြစ် အသုံးပြုကြသည်ဟု ကုန်ကြမ်းဈေးကွက်လာရောက်လေ့လာသော တရုတ်ကုန်သည်များထံမှ သိရသည်။ ဈေးကွက်ရှိနေဦးမည်ဆိုလျှင် ကြိမ်သီးစုဆောင်းရောင်းချသူများ၊ ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများအားလုံး နှစ်စဉ်အဆင်ပြေနိုင်လိမ့်မည်ဟု ထင်မြင်ကြောင်း ဒေသခံအဝယ်ဒိုင်များက ပြောသည်။ **ဇေယျာတု(မကွေး)**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ တောင်တွင်းကြီးမြို့နယ်၌ ကျပ်သိန်းပေါင်း ငါးသောင်း ထုတ်ချေးမည်

**တောင်တွင်းကြီး ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၄ စုမှ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဇွန် ၇ ရက်မှစတင်၍ ညောင်ပင်လှအုပ်စုနှင့် သစ်ပုတ်ကုန်းအုပ်စုတို့မှ တောင်သူ ၁၇၃ ဦးတို့အား ငွေကျပ် ၅၂၇ သိန်း စတင်ထုတ်ချေးခဲ့ကြောင်း သိရသည်။

"အခုနှစ်မှာတော့ ကျေးရွာအုပ်စုအလိုက် မိမိတို့ဆန္ဒသဘောအရ ပါဝင်တဲ့တောင်သူသုံးဦးစနစ်ဖြင့် စပါးတစ်ဧကကို ငွေကျပ်တစ်သိန်း၊ အခြားသီးနှံတစ်ဧက ငွေကျပ်နှစ်သောင်းနှုန်းနဲ့ ထုတ်ချေးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးတဲ့အခါ အဓိကအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ရရှိတဲ့ တောင်သူများကိုသာထုတ် ချေးပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်စိန်စိန်က ပြောကြားသည်။

တောင်တွင်းကြီးမြို့နယ်အတွင်းမှ တောင်သူ ၁၉၅၀၀၊ သုံးဦးစုအဖွဲ့ ၆၅၀၀ တို့အတွက် ငွေကျပ်သိန်းပေါင်း ငါးသောင်းကို ထုတ်ချေးမည်ဖြစ်ပြီး နိုင်ငံသားအားလုံးတို့၏ စားနပ်ရိက္ခာလိုအပ်ချက် ဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးအတွက် ချေးငွေများထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **နိုင်ဝင်း**

# ထန်တလန်၌ တက္ကသိုလ်ဝင်စာမေးပွဲ ယခင်နှစ်ထက် အောင်ချက်

**ထန်တလန် ဇွန် ၁၁**

၂၀၁၅ ခုနှစ် မတ်လအတွင်း ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန် ၆ ရက်က တစ်ပြည်လုံး၌ ထုတ်ပြန်ကြေညာခဲ့ရာ ထန်တလန်မြို့နယ်မှ ဖြေဆိုသူ ၃၉၉ ဦးအနက် ၃၄ ဦးအောင်မြင်၍ အောင်ချက် ၈ ဒသမ ၅၂ ရာခိုင်နှုန်းအောင်မြင်ခြင်းဖြစ်ကြောင်း၊ ယခင်နှစ်ထက် အောင်ချက် ၅ ဒသမ ၈၄ ရာခိုင်နှုန်း တိုးတတ်ခဲ့ကြောင်း သိရသည်။

အလွတ်ဖြေဆိုအောင်မြင်သူ ၂၂ ဦးနှင့် ကျောင်းတွင်း ၁၂ ဦးတို့ဖြစ်ပြီး ကျောင်းတွင်းမှ ဖြေဆိုအောင်မြင်သည့်ကျောင်းများမှာ အထက ထန်တလန်မှ သုံးဦး၊ အထက နှာရိန်းကျေးရွာမှ သုံးဦး၊ အထက (ခွဲ) ထန်တလန်မှ နှစ်ဦး၊ အထက (ခွဲ) ဖာရွှန်းမှ နှစ်ဦး၊ အထက(ခွဲ) အိုင်ဘူရ်မှ တစ်ဦး၊ အထက (ခွဲ) တလန်ပီးမှ တစ်ဦးတို့ဖြစ်ကြသည်။

ထန်တလန်မြို့နယ်သည် ချင်းပြည်နယ် ၉ မြို့နယ်အနက် အောင်ချက်အနည်းဆုံးမြို့နယ်အဖြစ် သုံးနှစ်ဆက်တိုက်ရရှိသည့်နေရာမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အတွင်းတာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၏ ထောက်ပံ့ကူညီမှု၊ ဆရာ၊ ဆရာမများ၏ စေတနာထက်သန်မှုနှင့် ကျောင်းသားလူငယ်တို့၏ ကြိုးစားအားထုတ်မှုတို့ကြောင့် ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း ၈ ဒသမ ၅၂ ဖြင့် ချင်းပြည်နယ်၏ အဆင့် ၆ နေရာသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**


## လုံးချင်းတိုက်နှင့်ခြံ ရောင်း/ငှားမည်

(80'_60')၊ 2RC, M/Bed Room 2, Room 3, 3 A/C, double kitchens.

No.7၊ နှင်းဆီလမ်း၊ TOSTA GERDEN၊ သုမင်္ဂလာအိမ်ရာ၊ (အပိုင်း-၃)၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (ILBC အနီး) **Ph: 09-5175618**

## ယဉ်ယဉ်မိသားစု(ယုဇနပလာဇာ)

**ထျုံတော်ရေတံခွန် – တော့ဝှန်းရူ – ထျောထ်ထလဝ် – ထားအံတုရားစုံ**

**(14.6.2015) ညထွက် (15.6.2015) ညပြန် – 30000/-**

**ဖုန်း – 01 200747၊ လိုင်းခွဲ –1315၊ 09 73009841**

## ပါဝင်လှူဒါန်းနိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာတွင်
သိပ္ပါလယ-အင်ကြင်းကုန်းတောရတရားရိပ်သာကို မြေ(၅. ၆)ဧကပေါ်တွင်
မည်သည့်နည်းနှင့်မဆို ရာသက်ပန် တရားအားထုတ်လိုသော
ရဟန်း၊ ရှင်၊ လူ၊ သူတော်စင်များအတွက် တည်ထောင်နေပြီဖြစ်ပါ၍
အောက်ပါအလှူများကို လှူဒါန်းနိုင်ပါသည်။

(၁) စုပေါင်းတရားထိုင်ရန် သိပ္ပါလယဓမ္မသာလာ ဓမ္မာရုံ(၈၀×၄၀)ပေ

| | | | |
|---|---|---|---|
| နံရံတစ်ခန်း | (၁၀×၁၅)ပေ | | (၉)သိန်းကျပ် |
| မျက်နှာကြက် | (၁၀×၁၅)ပေ | | (၁၀)သိန်းကျပ် |
| တိုင် | (၁)လုံး | | (၈)သိန်းကျပ် |
| ဝရန်တာ | (၁၀×၁၅)ပေ (၁)ခန်း | | (၆)သိန်းကျပ် |
| လှေကား | (၈×၁၂)ပေ | | (၁၅)သိန်းကျပ် |
| (၂) ယောဂီ(၅)ယောက် (အမျိုးသား/အမျိုးသမီး) | | (၁၈×၅၀)ပေ | (၁၀၀)သိန်းကျပ် |
| ယောဂီ(၁)ယောက် (အမျိုးသား/အမျိုးသမီး) | | (၁၅×၁၀)ပေ | (၃၀)သိန်းကျပ် |
| (၃) ရေကန်ကြီး | | | (၁၅)သိန်းကျပ် |
| ရေကန်သေး | | | (၇)သိန်းကျပ် |
| မဟာရံအုတ်တံတိုင်း | (၆×၁၀)ပေ | | (၈)သောင်းကျပ် |
| အလင်းမီးတိုင် | (၁)တိုင် | | (၈)သောင်းကျပ် |
| ကုဋီ(၃)ခန်းတွဲ | (ရေချိုးခန်းပါ) | | (၁၅)သိန်းကျပ် |
| သံဃာဆောင် | | | (၁၀၀)သိန်းကျပ် |

ဆက်သွယ်လှူဒါန်းလိုပါလျှင်
ဘဒ္ဒန္တကုန္ဒောဘာသ(သာသနာ့ဇေ ဓမ္မာစရိယ)
သိပ္ပါလယ ပရိယတ္တိစာသင်တိုက်နှင့် တောရရိပ်သာ
အမှတ်(၁၄/၂)ရပ်ကွက်၊ ဟသ်ာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၅၆၁၃၂၇၊ ၀၉-၂၅၄၀၆၈၁၉၄၊ ၀၉-၃၂၀၃၈၉၆၈




## အင်္ဂလိပ်စကားပြောသင်တန်းကျောင်း

**Researchers**

**အခြေခံသဒ္ဒါနှင့် စကားပြောသင်တန်း**

| Opening Date | Class | Time | Duration |
|---|---|---|---|
| 3.7.2015 | Evening Fri, Sat, Sun | 6:00 to 8:00 pm | 6 months |
| 4.7.2015 | Morning Sat, Sun | 8:30 to 11:30 am | |

အမှတ် (၅၆) ငါးလွှာ၊ ဒဂုဏ်သီရိလမ်း၊ ကျောက်မြောင်း၊ တာမွေ(သီတာမှတ်တိုင်)
ဖုန်း - ၀၉ - ၂၅၀၁၆၂၀၃၈၊ ၀၉ - ၅၆၈၀၂၃၇၊ ၀၁ - ၂၀၉၃၈၂

# ဆိပ်ဖြူမြို့နယ်တွင် ကျေးရွာချင်းဆက် မြေသားလမ်း သစ်ဖွင့်လှစ်

**ဆိပ်ဖြူ ဇွန် ၁၁**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ရှားလှကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်ပြီးစီးခဲ့သော ထွန်ကျေးရွာ၊ ရှားလှကျေးရွာ ကျေးရွာချင်းဆက် မြေသားလမ်းသစ် ဖွင့်ပွဲအခမ်းအနားအား ဇွန် ၉ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်စံကျော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မောင်၊ ရှားလှကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးအောင်နှင့် ဒေသခံ ပြည်သူများ စုစုပေါင်း အင်အား ၁၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းမှာ အရှည် ၁၀ မိုင်၊ အကျယ် ၁၈ ပေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေ ၁၇၂ ဒသမ ၂ သန်း အသုံးပြု ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## အခြေခံလက်မှုပညာ ပန်းထိုး၊ ဆပ်ပြာအဆီစပ်နည်း သင်တန်းများဖွင့်

**ညောင်ဦး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ လမ်းညွှန်မှုဖြင့် ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ အသေးစား အိမ်တွင်းလက်မှုလုပ်ငန်းဖြင့် အမျိုးသမီးငယ်များ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် အခြေခံလက်မှုပညာပန်းထိုးနှင့် ဆပ်ပြာအဆီစပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ သင်တန်းနည်းပြတစ်ဦးဖြစ်သူ လက်မှုပန်းထိုးပညာရှင် ဒေါ်စိုးစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် သင်ကြားမည့်ဘာသာရပ်များ အကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ လက်မှုပန်းထိုးပညာရှင် ဆရာမလေးဦးမှ သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။

ယင်းသင်တန်းတွင် သင်တန်းသူ ၁၀ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၁၀ ရက်မှဇွန် ၁၅ ရက်ထိ ၆ ရက်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

သင်တန်းသူများအနေဖြင့် သင်တန်း တက်ရောက်ပြီးပါက ၎င်းတို့နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများရှိ အမျိုးသမီးငယ်များအား ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချသွားနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲသူရအောင်**

## ပုလဲမြို့၌ ယခင်နှစ်ထက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မား

**ပုလဲ ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများကို ဇွန် ၆ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ဖြေဆိုသူ ၂၁၈၀ ရှိသည့်အနက် အောင်မြင်သူ ၉၀၃ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်း ၄၁ ဒသမ ၄၂ ရာခိုင်နှုန်း ရှိသည့်အတွက် ၂၀၁၄ ခုနှစ် အောင်ချက်ရာခိုင်နှုန်း ၂၂ ဒသမ ၁၀ ရာခိုင်နှုန်းထက် ၁၉ ဒသမ ၃၂ ရာခိုင်နှုန်း တိုးတက် အောင်မြင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ပုလဲမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၈၄ ဦးတို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## ကျောက်ပန်းတောင်းမြို့ အခမဲ့ဆေးကုခန်းများ၌ အသုံးပြုရန် အောက်စီဂျင်ဘူးများနှင့် လူနာသယ်ထမ်းစင် လှူဒါန်း

**ကျောက်ပန်းတောင်း ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သုဂတိရှင် နာရေးကူညီမှုအသင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ လူမှုကူညီရေးအသင်းရုံးများတွင် ဖွင့်လှစ်ထားရှိသော အခမဲ့ဆေးကုခန်းများတွင် သုံးစွဲနိုင်ရန်အတွက် ဇွန် ၉ ရက် နံနက်က ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်ရပ်ကွက်မှ အလှူရှင်ဒေါ်ဒေါ်၊ ဒေါ်အုံးမြမိသားစုက အောက်စီဂျင်ဘူးငါးလုံးနှင့် လူနာသယ်စတီးလ်ထမ်းစင်တစ်ခုတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။



အလှူရှင်မိသားစုမှ ပေးအပ်လှူဒါန်းသော အောက်စီဂျင်ဘူးငါးလုံးမှာ 'သုဂတိရှင်'နာရေးကူညီမှုအသင်းအတွက် တစ်လုံး၊ လွတ်လပ်ရေးရပ်ကွက် 'မုဒိတာ 'လူမှုကူညီရေးအသင်းအတွက် တစ်လုံး၊ ပြည်တော်သာရပ်ကွက် 'ဆွေသဟာ ' လူမှုကူညီရေးအသင်းအတွက်တစ်လုံး၊ သီရိမင်္ဂလာရပ်ကွက် 'သီရိပရဟိတ' လူမှုရေးအသင်းအတွက်တစ်လုံးနှင့် သာယာအေးရပ်ကွက် 'မေတ္တာရိပ်' လူမှုကူညီရေးအသင်းရုံးအတွက် တစ်လုံးဖြစ်သည်။

'သုဂတိရှင်' နာရေးကူညီမှုအသင်းရုံးအတွက် စတီးလ်လူနာထမ်းစင်တစ်ခုပါဝင်ပြီး 'သုဂတိရှင်' နာရေးကူညီမှုအသင်းရုံးတွင် ယခင်က အောက်စီဂျင် ၃၄ လုံးရှိကာ၊ ယခုအခါ အောက်စီဂျင် ၃၅ လုံးရရှိပြီဖြစ်သဖြင့် အရေးပေါ်လိုအပ်သော လူနာများကို ပိုမို၍ ထောက်ပံ့ကူညီနိုင်မည်ဖြစ်ကြောင်း သိရသည်။

'သုဂတိရှင်' နာရေးကူညီမှုအသင်းရုံးမှ နေ့စဉ် ရပ်ကွက်အသီးသီးရှိအရေးပေါ်လိုအပ်သည့် လူနာများနှင့်မြို့နယ်ပြည်သူ့ဆေးရုံမှ လိုအပ်သောလူနာများအတွက် အခမဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အောက်စီဂျင် ဓာတ်ငွေ့အိုးကြီး တစ်လုံးလျှင်ဓာတ်ငွေ့ထည့်ခ ငွေကျပ်တစ်သောင်းပေးရပြီး ၎င်းအိုးကြီးမှ အိုးသေးခုနစ်လုံးခွဲဝေထည့်သွင်းပြီး လိုအပ်သလို ကူညီပေးခြင်းဖြစ်ရာ တစ်လလျှင်အလှူခံရရှိသည့် အသင်းပိုင်ငွေမှ ငွေကျပ်ငါးသိန်းခန့် အကုန်အကျခံ၍ အိုးကြီးအလုံး ၅၀ ထည့်သွင်း၍ နေ့စဉ် အရေးပေါ်လိုအပ်သောလူနာများအား အခမဲ့ ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**









# မုံရွာအကျဉ်းထောင်အတွင်း နယ်လှည့်ဖျော်ဖြေရေးအဖွဲ့မှ လာရောက်ဖျော်ဖြေ

**မုံရွာ ဇွန် ၁၁**

မုံရွာအကျဉ်းထောင်အတွင်း အကျဉ်းကျနေသော အကျဉ်းသား၊ အကျဉ်းသူများ၏ တစ်နေ့တာပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် မြန်မာနိုင်ငံ အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူး၏ အစီအစဉ်ဖြင့် ဇွန် ၁၀ ရက် နံနက်ပိုင်းက အကျဉ်းဦးစီးဌာန နယ်လှည့်ဖျော်ဖြေရေးအဖွဲ့မှ လာရောက်ဖျော်ဖြေရာအကျဉ်းသူ၊ အကျဉ်းသားများ၏ စိတ်ကို တဒင်္ဂပျော်ရွှင်ကြရကြောင်း သိရသည်။

"အကျဉ်းကျတဲ့သူတိုင်းရဲ့စိတ်ဟာ ဘာပြောပြော ကျနေကြသူကများပါတယ်။ အခုလိုဖျော်ဖြေရေးအဖွဲ့က လာရောက်ဖျော်ဖြေပေးတာ အများကြီးကျေးဇူးတင်ပါတယ်။ ဘ၀တူတွေအားလုံးလဲ တဒင်္ဂတော့ ပျော်ကြတာတွေ့ရပါတယ်။ ထောင်မှူးကြီးနဲ့အဖွဲ့ကလည်း အများကြီးပျော်ခွင့်ပေးတော့ တီးဝိုင်းနဲ့အတူ ဘ၀တူအကျဉ်းသား၊ အကျဉ်းသူတွေက ထောင်ပိုင်ကြီးနဲ့အတူ ဆိုတဲ့သူကဆို ကတဲ့သူကကနဲ့ ပျော်ခဲ့ကြပါတယ်" ဟု မုံရွာထောင်အတွင်း အကျဉ်းကျနေသူတစ်ဦးက ပြောပြသည်။

မုံရွာအကျဉ်းထောင်အတွင်း ထောင်နှင့်အချုပ်ကျနေသူ ၄၀၀ ကျော်အား လာရောက်ဖျော်ဖြေသော နယ်လှည့်ဖျော်ဖြေရေးအဖွဲ့တွင် အတီးအမှုတ်သီဆိုသူ ၁၀ ဦးပါဝင်ပြီး ဝါသနာရှင် အကျဉ်းသား၊ အကျဉ်းသူများ၊ ထောင်ပိုင်ကြီးနှင့် ထောင်ဝန်ထမ်းများပါ သီဆိုကပြခဲ့ကြသည်။

ယင်းသို့သီဆိုရာတွင် အကျဉ်းဦးစီးဌာနမူပိုင် သီချင်းဖြစ်သော 'အကျဉ်းဦးစီးဌာနဖြစ်ပါသည်' သီချင်းကို အကျဉ်းသူများက သံပြိုင်ညီသီဆိုကာ ဖျော်ဖြေမှုကို ဖွင့်လှစ်ခဲ့သည်။

နယ်လှည့်ဖျော်ဖြေရေးအဖွဲ့သည် ရွှေဘိုမြို့မှတစ်ဆင့် မုံရွာမြို့အကျဉ်းထောင်သို့ကူးကာ လာရောက်ဖျော်ဖြေခြင်းဖြစ်ပြီး မုံရွာပြီးလျှင်ပခုက္ကူထောင်သို့ သွားရောက်ဖျော်ဖြေရမည်ဖြစ်ကြောင်း၊ ခရီးစဉ်အနေဖြင့် ရမည်းသင်းထောင်၊ မိတ္ထီလာထောင်၊ မန္တလေးထောင်၊ ၂၄ မိုင် ကျောက်စခန်း၊ ထုံးဘို ၁ နှင့် ၂ စခန်း၊ ရွှေဘို၊ မုံရွာ၊ ပခုက္ကူနှင့် ညောင်ဦးထောင်တို့တွင် ဖျော်ဖြေပေးနေခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာအကျဉ်းထောင် ဦးစီးအရာရှိ ဦးသိန်းလွင်နှင့်အဖွဲ့သည် မြန်မာနိုင်ငံအကျဉ်းဦးစီးဌာန၏ ညွှန်ကြားကြပ်မတ်မှုဖြင့် အကျဉ်းသူ၊ အကျဉ်းသားများထဲမှ စာမတတ်သူများအား 'အ' သုံးလုံးအစီအစဉ်အဖြစ် စာပေများကို သင်ကြားပေးလျက်ရှိရာ စာတတ်မြောက်မှုများပြားနေပြီဖြစ်သလို အီလက်ထရောနစ်ပညာများကိုလည်း သင်ကြားပေးလျက်ရှိသည်။

ရက်ပြည့်၍ ထောင်မှလွတ်မြောက်သွားသူများထဲတွင် အဆိုပါတတ်မြောက်ထားသော အီလက်ထရွန်နစ်နည်းပညာကို အသုံးချကာ မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ငရုတ်ကုလားအော်သီး ဈေးကွက်ကောင်းသော်လည်း တောင်သူများအရှုံးပေါ်

**နေပြည်တော် ဇွန် ၁၁**



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာတွင် ငရုတ်ကုလားအော်သီးစိုက်ပျိုးလျက်ရှိသော တောင်သူများမှာ လက်ရှိကာလ ဈေးကွက်တွင် ငရုတ်ကုလားအော်သီးမှာ ဈေးကောင်းသော်လည်း တောင်သူများမှာ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

"ယခင်နှစ်က ငရုတ်ကုလားအော်သီး တစ်ပိဿာကို ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ သာရပါတယ်။ အခုနှစ်မှာတော့ တစ်ပိဿာကိုကျပ် ၅၀၀၀ မှကျပ် ၆၀၀၀ အထိရသော်လည်း ကျွန်တော်တို့မှာ အရှုံးပေါ်နေပါတယ်။ ဘာလိုလဲဆိုတော့ နေကအရမ်းပူတော့ အပွင့်တွေကကြွေကျကုန်တယ်။

မိုးကနည်းတော့ ပိုဆိုးတာပေါ့ အရင်ကဆို တစ်ဧကကို ၁၀ ရက်တစ်ကြိမ်ခူးလိုက်တိုင်း ပိဿာချိန် ၄၀၀ ကျော် ရရှိပါတယ်။ အခုနှစ်မှာတော့ ခူးလိုက်တိုင်း တစ်ဧကကို ပိဿာချိန် ၂၀ မှ ၂၅ ကြားကိုပဲရတော့ အရှုံးပေါ်နေပါတယ်" ဟု ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာနေ ငရုတ်ကုလားအော်သီးစိုက်ပျိုးသူ တောင်သူဦးရွှေကိုက ရှင်းပြသည်။

၎င်းငရုတ်ကုလားအော်သီးကို စပါးရိတ်သိမ်းပြီးချိန် ပြာသိုလမှ စတင်စိုက်ပျိုးပြီး တန်ခူးလမှစ၍ ၁၀ ရက် တစ်ကြိမ်ခူးယူရောင်းချနိုင်ကာ မိုးစပါးစိုက်ပျိုးချိန် ဝါဆိုလအထိ စိုက်ပျိုးနိုင်သည်ဟု သိရသည်။

**မောင်ကျိုက်လက်**

# ဇင်းကျိုက် (ကျောက်သဘော်) ရေတံခွန် အဆင့်မြင့်အပန်းဖြေစခန်းဖွင့်လှစ်

**ပေါင် ဇွန် ၁၁**

ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ဇင်းကျိုက်ကျောက်သဘော် ရေတံခွန် အဆင့်မြင့်အပန်းဖြေစခန်းဖွင့်အခမ်းအနားကို ဇွန်လပထမပတ်အတွင်းက ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပေါင်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က ဇင်းကျိုက် (ကျောက်သဘော်) ရေတံခွန်အပန်းဖြေစခန်းအား အဆင့်မြင့်တင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အပန်းဖြေစခန်းအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး IDIF ဦးမြင့်နိုင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဇင်းကျိုက် (ကျောက်သဘော်) ရေတံခွန်အပန်းဖြေစခန်းသည် နှစ်စဉ်မိုးရာသီတွင် ရပ်ဝေးရပ်နီးမှ လာရောက်အပန်းဖြေသူများနှင့် စည်ကားလျက်ရှိပြီး မွန်ပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုသောလုပ်ငန်းတစ်ခုဖြစ်ပြီး ထင်ရှားသောအပန်းဖြေစခန်းတစ်ခုလည်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ရှိ တက္ကသိုလ်/ ဒီဂရီကောလိပ်/ကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ရုံးချုပ်၊ နေပြည်တော် | ၃ထပ်ရုံးအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း (930000 Sft)၊ ဟောခန်းမ(16000 Sft) RC ရေမီးအပါအဝင် ကားရပ်နားကွင်း (၅၁၀၀၀ Sft)၊ |
| ၂ | ရုံးချုပ်၊ နေပြည်တော် | (၃)ထပ်ရုံးအဆောက်အအုံဟောင်းအား အတွင်းအပြင် ဆေးသုတ်ခြင်း (321596Sft) |
| ၃ | မန္တလေးတက္ကသိုလ် | နိုင်ငံခြားသားဧည့်ရိပ်သာဝင်းအတွင်း ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် VCB Control Main & Capacitor Bank/4Cx95 mm (20m) သွယ်တန်းခြင်းအပါအဝင်၊ နိုင်ငံခြားသားဧည့်ရိပ်သာဝင်းအရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တို့တွင် သံပန်းဝင်းခြံကာရံခြင်း (၁၃၀၀'×၆')၊ နိုင်ငံခြားသားဧည့်ရိပ်သာမြောက်ဘက်နှင့် အနောက်ဘက်တို့တွင် ရေမြောင်းဖောက်ခြင်း (၈၀၀'×၂'×၃')နှင့် ကညနရုံး အဝင်ပေါက်မှ ခြောက်လမ်းသွားလမ်းဆုံအထိ ကွန်ကရစ်လမ်းခင်းခြင်း (၅၀၀'×၂၀') |
| ၄ | တောင်ကြီးတက္ကသိုလ် | 200 KVA Transformer တပ်ဆင်ခြင်းလုပ်ငန်း(11 KV ဓာတ်အားလိုင်း ၅၀ပေ သွယ်တန်းခြင်း) |
| ၅ | စစ်ကိုင်းပညာရေးတက္ကသိုလ် | ကျောင်းအုပ်ကြီးနေအိမ် (၁)ထပ်(၁)လုံး ဆောက်လုပ်ခြင်း(၄၀'×၂၄') RC (ရေမီးအပါအဝင်) (၉၆၀ စ/ပ)၊ ဂါလန်(၁၀၀၀၀)ဆံ့ ကွန်ကရစ်ရေစင် (၁၆'×၁၆'×၃၉') ဂါလန်(၁၀၀၀၀)ဆံ့ရေလှောင်ကန်ဆောက်လုပ် ခြင်း၊ ဂါလန်(၁၀၀၀၀)ဆံ့ ရေလှောင်ကန်နှင့် ဂါလန်(၁၆၀၀)ဆံ့ ရေစင် (၁၀'×၁၀'×၂၀') ဆောက်လုပ်ခြင်း |
| ၆ | မကွေးတက္ကသိုလ် | 400 V Over Head Line No-4, No-6 BC Wire (2800') ၄ လိုင်း သွယ်ခြင်းနှင့် အမြင့် (၉)မီတာ ကွန်ကရစ်မီးတိုင် (၂၈)တိုင် စိုက်ထူခြင်းလုပ်ငန်း(လမ်းမီးများအပါအဝင်) |
| ၇။ | မုံရွာတက္ကသိုလ် | ပြင်ပအဝင်မီးလိုင်းအား (၃)လိုင်းခွဲ၍သွယ်တန်းခြင်း (က) သင်ကြားရေးလိုင်း- No-4 ကြေးကြိုးပြောင်းရွှေ့တပ်ဆင်ခြင်း (1800') ကွန်ကရစ်တိုင် ၂၅ တိုင်အသစ်စိုက်ခြင်းနှင့် No-4 ကြေးကြိုးအသစ်တပ်ဆင်ခြင်း၊ (1200') Energy Saving Lamp-85 W တပ်ဆင်ခြင်း၊ (ခ) ဝန်ထမ်းအိမ်ရာလိုင်း N0-4 ကြေးကြိုးအသစ်တပ်ဆင်ခြင်း၊ (၁၂၀၀') Energy Saving Lamp-85W တပ်ဆင်ခြင်း။ (ဂ) လမ်းမီးလိုင်း-သံမီးတိုင် (၃၂)တိုင် (၈၀' အကွာ) စိုက်ထူ၍ 1Cx16 mm မြေအောက်ကြိုးဖြင့် လမ်းမီးများဆင်ခြင်း (၂၅၀၀') Energy Saving Lamp-85 W တပ်ဆင်ခြင်း။ |
| ၈ | မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း [No-4 11KV Line 200' သွယ်တန်းခြင်း၊ ကွန်ကရစ်တိုင်(၃)တိုင် အပါအဝင်] |
| ၉ | မန္တလေးအဝေးသင်တက္ကသိုလ် | ပြင်ပရေရရှိရေးလုပ်ငန်း (၄") စက်ရေးတွင်း (540 ft) 5HP motor, 3½" air Compressor (twin) |
| ၁၀ | ရတနာပုံတက္ကသိုလ် | ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း 11 KV No-2 (500'x3Line) [ကွန်ကရစ်တိုင် (၆)တိုင်အပါအဝင်]၊ (၃)ထပ်စာသင်ဆောင်(၆)လုံးရှေ့မျက်နှာစာတွင် Landscaping ပြုလုပ်ခြင်းလုပ်ငန်း(၃၉၀၀၀ စ/ပ) |
| ၁၁ | မိတ္ထီလာတက္ကသိုလ် | စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများသို့ သွယ်တန်းထားသော ဓာတ်အားလိုင်းအား 400V Distribution BC Wire No-4 (4500') ပြောင်းလဲတပ်ဆင်ခြင်းနှင့် Sodium Street Light (၃၀)လုံး တပ်ဆင်ခြင်း |
| ၁၂ | ပခုက္ကူတက္ကသိုလ် | Chain Link ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၉၆၃၅'×၆') သံပန်းတံခါး (၁၈'×၇') ၂ ပေါက် အပါအဝင် |
| ၁၃ | ကျောက်ဆည်တက္ကသိုလ် | ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် 11KV 500'x3 Line သွယ်တန်းခြင်းနှင့် ကွန်ကရစ်တိုင်(၆)တိုင်အပါအဝင် |
| ၁၄ | ရွှေဘိုတက္ကသိုလ် | ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် 11KV ACSR ဓာတ်အား လိုင်း(2100') နှင့် 400V Overhead Line အထွက် BC Wire No-4, No-6, No-8 တို့ဖြင့် (၁၉၈၄') သွယ်တန်းခြင်းလုပ်ငန်းဆောက်လုပ်ခြင်း |
| ၁၅ | မြင်းခြံဒီဂရီကောလိပ် | ဓါတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် 11/0.4 KV BC Wire No-4 Over Head (LT) Line 1200', Transformer အုတ်ခုံ+ဝန်းခြံ(၁၈'×၁၈') Transformer Channel House (12'x10') |
| ၁၆ | မိုးညှင်းဒီဂရီကောလိပ် | (၁)ထပ်ဆေးရုံ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း (၅၀'×၂၆') RC (ရေမီးအပါအဝင်) |
| ၁၇ | မန္တလာကောလိပ် | 11 KV ACSR 95mm2 (1500') သွယ်တန်းခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၂-၆-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ရုံးချိန်အတွင်း တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ဤဦးစီးဌာန (မန္တလေးရုံးခွဲ)၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့် တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက် ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကို ပေးသွင်းပြီး၊ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)၊ လမ်း(၈၀)၊ (၃၄×၃၅)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၂-၆၀၃၇၁၊ ၀၂-၆၀၃၇၇၊ ၀၂-၆၀၃၇၈(လိုင်းခွဲ ၁၁၉၊ ၁၂၀၊ ၁၂၂) နှင့် ၀၂- ၃၉၅၁၁ (လိုင်းခွဲ ၁၁၉၊ ၁၂၀၊ ၁၂၂)များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၆။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါပုံစံ၊ အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ရောင်းချမည့် အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်းနှင့် အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.myanmar-education.edu.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၏ အထူးအဖွဲ့/ခရိုင်/မြို့နယ်များရှိ အသုံးပြုပြီးသော ကတ္တရာပေပါခွံ(၇၅၈၆၃)လုံးအား ၂၄-၆-၂၀၁၅ရက်၊ ၁၃း၀၀နာရီတွင် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး (စုစည်းခန်းမ)၌ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်နယ်လမ်းဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

ဖုန်း ၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံး ပုံစံ(၄)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၁၁-၆-၂၀၁၅ ရက်မှစ၍ ၂၄-၆-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံ(၄)မျိုး၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၆-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**








**Well experiences and highest quality Contractor for your House and Factory**

asm CONSTRUCTION

"လုံခြုံစိတ်ချရမှု အရှိဆုံး၊ တိကျသေချာမှု အရှိဆုံးသော ဆောက်လုပ်ရေးဝန်ဆောင်မှု"

No.222/A, Lanthit Road, Nant Thar Gone, Insein Township, Yangon.
Ph: 01-647814, 01-640649, 09-420003535, 09-73196631, 09971718855
Mail: sale@asmconstruct.com, asterismconstruction@gmail.com
Web: www.asmconstruct.com



Padamyarfm

**Congratulations ! Padamyar FM**



Asia Pacific Broadcasting Union (ABU) နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့ ပူးပေါင်းစီစဥ်ပြီး ၂၀၁၅ ခုနှစ် မေလ ၂၈ရက် မှ ၃၀ရက် အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သော Radio Asia Conference - 2015 တွင် ပတ္တမြား FM အနေဖြင့် အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများအကြား မြန်မာနိုင်ငံ၏ ထင်ရှားသော FM တစ်ခုအနေဖြင့် ပူးပေါင်းပါဝင် ဆွေးနွေးဆောင်ရွက်ခဲ့မှုအပေါ်၌ လည်းကောင်း၊ ၂၀၁၅ခုနှစ် မေလ ၂၉ရက်နေ့ ညနေပိုင်းတွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ခဲ့သည့် ABU Radio Song Festival - 2015 Gala Event ပွဲကြီး၌ ပတ္တမြား FM မှ Audio Technician တစ်ဦးဖြစ်သူ Eastern မှရေးသားပြီး Eastern နှင့် Jewel တို့ စုံတွဲသီဆိုထားသည့် ပတ္တမြား FM မှစီစဥ်ထုတ်လုပ်သော 'မင်္ဂလာပါ' တေးသီချင်းကို သစ်လွင်ဆန်းသစ်သော မြန်မာ့ရိုးရာအကအလှများ၊ ပတ္တမြား FM ဝန်ထမ်းများ၏ တိုင်းရင်းသားရိုးရာ သရုပ်ဖော်တင်ဆက်မှုများဖြင့် အာရှနှင့်ပစိဖိတ်ဒေသအတွင်း မြန်မာနိုင်ငံကိုယ်စားပြု အဖွင့်တေးသီချင်းအဖြစ် တင်ဆက်ဖျော်ဖြေနိုင်ခဲ့သည့်အတွက်လည်းကောင်း ပတ္တမြား FM မိသားစုအား လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

Management of Padamyar FM (Thein Kyaw Kyaw Co.,Ltd )

'မင်္ဂလာပါ' တေးသီချင်းကို www.facebook.com/padamyarfm/videos တွင် ဝင်ရောက်ကြည့်ရှုနားဆင်နိုင်ပါသည်။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးအောင်မြင့်သိန်း+ဒေါ်ယဉ်ပို့ (မြကြာဖြူချည်ချောလုံချည်)တို့၏သမီးထွေး မဆုမွန် ခုံအမှတ်(ဆဒဂ-၃၄၉) အ. ထ. က(၁)ဒဂုံသည် ၂၀၁၄-၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးတွင် (၆)ဘာသာဂုဏ်ထူး အမှတ်ပေါင်း(၅၅၇)မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဒုတိယအမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးတိုး+ဒေါ်သျှမ်းမိသားစု (စိန်သရဖူ+ပေါ်ပြူလာ ချည်ချောလုံချည်၊ ဝမ်းတွင်းမြို့)

ကိုနေလင်း+မမိုးမိုးသင်း (ရွှေမောင်းချည်ရောင်းဝယ်ရေး)

ကိုကျော်ကျော်ဦး+မခင်ပပလင်း (ဆိုးဆေး+ချည်ရောင်းဝယ်ရေး စိန်သရဖူ)

ကိုစိုးလှိုင်+မမိုးမိုးနှင်း (ဦးစိုးလှိုင်ဘော်ဒါ/နေ့အထူး)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၈-၅-၂၀၁၅ရက်တွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(MCEA)နှင့် စင်ကာပူနိုင်ငံ SPHERE EXHIBITS PTE LTD တို့မှ ပထမဦးဆုံးအကြိမ်ပေးအပ်သည့် အသက်(၃၀)နှင့် (၄၀)ကြား "ဆောက်လုပ်ရေးဆိုင်ရာ စီးပွားရေးစွမ်းဆောင်ရှင် စိန်တံဆိပ်" ဆုချီးမြှင့်ခြင်း ခံရသည့် ငယ်သူငယ်ချင်း ဝဏ္ဏထွန်း(MD)မြန်မာမဟာထွန်း ကုမ္ပဏီလီမိတက် အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

**အချစ်ဆုံးငယ်သူငယ်ချင်းများ - ရန်နိုင်၊ ကျော်ဇင်နိုင်၊ သန်းလှိုင်ဝင်း၊ မျိုးမင်းဇော်၊ ညိုညိုသန်း၊ ထိုက်ထိုက်ထွန်း၊ မြင့်မြတ်မွန်၊ နွယ်နွယ်ဝင်း၊ ဆွေဆွေမွန်**

အတွေ့တွေ့လူမှုစီးပွားရေးသုံး တရုတ်စာ၊ တရုတ်စာ စကားပြောများကို အိမ်တိုင်ရာရောက် လိုက်လံ၍ အမြန်အတတ်သင်ပေးသည်။

**ဆက်သွယ်ရန်- ဆရာဦးဇော်ညိမ်းအောင် ဖုန်း- ၀၉-၂၆၀၄၄၄၇၅၆**

## ငှားရန်ရှိသည်

**လုပ်ငန်းလုပ်ရန်သင့်လျော်သော ကုန်စျေးတန်းနှင့်ဆူးလေကြား။ အနော်ရထာလမ်းမပေါ်ရှိ မြေညီထပ်နှင့်ပထမထပ် (၄၀ -ပေ X ၆၀ - ပေ) ဆက်သွယ်ရန်ဖုန်း -၀၉ ၅၀၂ ၄၈၀၈ -၀၉ ၅၄၁ ၅၅၃၄**

## ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ငွေအောင်ပြိုင်

bWin ခေါင်းလျှော်ရည်(၆)



ဂံဝင်းပံ အစီအစဉ်မှ ပေါက်မဲနံပါတ်များ

၁၀ သိန်းဆု

| | | |
|---|---|---|
| E-0152323 | E-0155249 | E-0211128 |

၃ သိန်းဆု

| | | | |
|---|---|---|---|
| E-0192258 | E-0238895 | E-0251948 | |
| E-0152194 | E-0166831 | E-0161320 | E-0170586 |

(၁) သိန်းဆု

| | | | | |
|---|---|---|---|---|
| D-0105521 | D-0117484 | D-0119905 | D-0152627 | D-0169135 |
| D-0175501 | D-0180746 | D-0197190 | D-0223322 | D-0239401 |
| D-0261474 | D-0272397 | D-0318164 | D-0324449 | D-0334578 |
| D-0346899 | D-0349309 | E-0102539 | E-0112802 | E-0112940 |
| E-0113506 | E-0120026 | E-0123915 | E-0126565 | E-0146700 |
| E-0151224 | E-0151370 | E-0152359 | E-0153723 | E-0154024 |
| E-0158728 | E-0163672 | E-0167012 | E-0167703 | E-0167901 |
| E-0173882 | E-0175670 | E-0179945 | E-0185217 | E-0185462 |
| E-0189834 | E-0197583 | E-0197597 | E-0200877 | E-0201036 |
| E-0213400 | E-0229763 | E-0239490 | E-0240093 | E-0180132 |

## မြေကွက်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

**ဖုန်း- ၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀**

ကားမောင်းသင်ပေးပါသည်

အိမ်စီးကားများမောင်းနိုင်ရန် (အမျိုးသမီးသီးသန့်) သင်ပေးပါသည်။

**ဖုန်း-၀၉-၂၆၁၀၀၇၅၁၂ ၀၉-၉၇၂၆၂၃၆၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၉၇၁/က)၊ မြေကွက်တည်နေရာ အမှတ်(၉၇၁/က)၊ တပင်ရွှေထီးလမ်း (၇)ရပ်ကွက်၊ ဒဂုံအရှေ့ (ဦးလှဝင်း L/RGN-၀၃၈၇၃၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှဝင်းနှင့် ၎င်း၏ဇနီး ဒေါ်တင်တင်ဝင်းတို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးမျိုးသူ၊၁၂/ဒဂရ(နိုင်)၀၀၅၄၆၅၊ ဒေါ်သူသူအောင်၊၁၂/ဒဂရ(နိုင်)၀၂၆၅၈၇၊တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၂၉၂၅၃/၃၀-၁၀-၁၄ဖြင့် လွှဲအပ်ခံရသူ ဒေါ်သက်ထားဆွဲ၊၁၂/ရကန(နိုင်)၀၇၃၀၆၂၊က အမည်ပေါက်နှင့်ဇနီးသေစာရင်း၊ ဦးမျိုးသူ+၁၏ သားသမီးများ တော်စပ်ကြောင်း ပိုင်ဆိုင်ကျမ်းကျိန်လွှာ၊ GPနှင့် ပါဝါကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ခန့်ရန်)

**၁။ Assistant Manager** ကျား (၁)

(ဘွဲ့ရ၊ ခရီးသွားနိုင်ရမည်၊ ကားမောင်း ကျွမ်းကျင်ရမည်။ )

**၂။ ရှေ့နေ** ကျား/မ (၁)

(ဘွဲ့ရ၊ အတွေ့အကြုံ ၅-နှစ်အထက်။)

**၃။ စိုက်ကွင်းကြီးကြပ်** ကျား (၂)၊ မ(၂)

(ဘွဲ့ရ၊ စိုက်ပျိုး မွေးမြူရေးအတွေ့အကြုံရှိရမည်။ နယ်တွင်နေနိုင်ရမည်။)

ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ ရဲစခန်းထောက်ခံချက်၊ ဘွဲ့လက်မှတ် မိတ္တူ နှင့် မူရင်းများယူလာရမည်။ သတင်းစာပါသည့် နေ့မှစ၍ (၇)ရက် အတွင်း ကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ORCHARD COMPANY LIMITED**

အမှတ်(၇၀/ONE)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၅၅၈၄၂၀ ၊ ၀၉-၅၁၃ ၇၁၃၃

## ယာဉ်မောင်းအလိုရှိသည်

Medi Max Trading Co.,Ltd တွင်တာဝန်ထမ်းဆောင်ရန် ယာဉ်မောင်း(၂)ဦး အလိုရှိသည်။

- အသက်(၂၁)မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ကွမ်းလုံးဝမစားသူဖြစ်ရမည်။
- ပညာအရည်အချင်း အနိမ့်ဆုံး (၁၀)တန်းအောင်မြင်ပြီး အရောင်းလုပ်ငန်းကို စိတ်ဝင်စားသူဖြစ်ရမည်။

(အခြေခံလစာ ၂၀၀၀၀၀ိ/)

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်း နံနက်(၉)နာရီမှ(၁၁)နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၁၀၄/၂ မြေနီခြံလမ်း၊ (ဗိုလ်မိုးလမ်းမှဝင်ရန်)၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

PH: 01-511137, 09-5150283

# (၅၀)နှစ်ပြည့် ရွှေရတု မင်္ဂလာဆုမွန်လွှာ

၂၀၁၅ခုနှစ်၊ ဇွန်လ ၁၂ရက်နေ့မှာ ကျရောက်သော ဖေဖေ **ဦးအောင်နိုင်**-မေမေ **ဒေါ်ခင်မာမာ**တို့၏ နှစ်(၅၀)ပြည့် ရွှေရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသား၊ သမီး၊ မြေးများနှင့် ထာဝရအမြဲ ကျန်းမာ ချမ်းသာ ပျော်ရွှင်စွာဖြင့် သက်ဆုံးတိုင် အတူလက်တွဲနိုင်ပါစေ။

**ချစ်သားကြီး-ကျော်ကျော်နိုင်-မျိုးမင်းထွန်းလှကြင်**
**ချစ်သမီး-ဖြိုးလှမြင့်-မီမီနိုင်**
**ချစ်မြေးများ-ဂျူးဂျူး၊ ဇွန်ဇွန်၊ခြူးခြူး၊ ပုံ့ပုံ့**

ဦးအောင်ဆန်းတင် (မပလာပီမှာ)
**SUPER A PLUS**
၅တန်းမှတက္ကသိုလ်ဝင်တန်း စာသင်ဝိုင်း နှင့် ဘော်ဒါ
အမှတ်-၁၁၊ ၅လွှာ(ဘီ)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ တာမွေ။
ဖုန်း-၀၉-၃၂၃၈၆၉၇၃၊ ၀၉-၂၅၀၆၆၅၅၈၇၊ ၀၉-၇၉၆၃၃၃၆၀၃

**ကားမျိုးစုံငှားနိုင်ပါသည်။**
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်းငှားနိုင်ပါသည်။ ယဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-656573
09-31065335, 09-975599880

မီး သတိပြု

**WISE College ၏ နိုင်ငံတကာအသိအမှတ်ပြု ABE(UK) မှတိုက်ရိုက်ချီးမြှင့်သော Business Management Diploma – June တန်းခွဲသို့ တက်ရောက်ကြမည့် ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသောကျောင်းသား/သူများ လက်မလွတ်သင့်သော အထူးအခွင့်အရေးကြီး**

စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုကို စိတ်ပါဝင်စား၍ လေ့လာသင်ယူလိုသူများအတွက်

*Enroll 1 Diploma . . . Get 3 Diplomas* အစီအစဉ်

*ထူးခြားအခွင့်အရေးများ*

၁။ အစိုးရတက္ကသိုလ်မှတရားဝင်အသိအမှတ်ပြုသော Business Management Diploma (၂)ခုကို သင်တန်းကြေး ကျပ်(၇)သိန်း 100% off ခံစားခွင့်ဖြင့် တစ်နှစ်အတွင်း သင်ကြားရယူနိုင်ပါမည်။
၂။ ဂုဏ်ထူးရကျောင်းသား/သူများသည် မိမိရရှိသော ဂုဏ်ထူးရဘာသာရပ်များအတွက် (၁)ဘာသာလျှင် ကျပ်(၁)သိန်းနှုန်းဖြင့် သင်တန်းကြေးမှ လျှော့ပေါ့ခံစားခွင့်ရရှိပါမည်။
၃။ (၂၁.၆.၂၀၁၅) မတိုင်မီ လာရောက်အပ်နှံပါက သင်တန်းကြေး 15% off ဖြင့် ထပ်ဆင့်ခံစားခွင့်ရရှိပါမည်။

Business Management Higher Diploma (ABE-UK)

1st Semester
- Economics for Business
- Financial Accounting
- Quantitative Methods for Business Management
- Organizational Behavior

2nd Semester
- Marketing Policy, Planning and Communication
- Human Resource Management
- Business Environment
- Managing the Customer Relationship

WISE College၊ အမှတ် ၁၀၀၉(A-B)၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-556183, 09-255723388, 09-421154862

ပညာမြင့်မိုရ်၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာတို့ စုစည်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်-တကာ၁၃/၀၉/၀၂၈

REPEATER
အထူးတန်းခွဲသစ် + ဘော်ဒါ
16.6.2015 (Tue)
အတန်းသစ်စမည်၊

# ပညာမြင့်မိုရ်

သင်္ဃန်းကျွန်းမြို့နယ်၏ အောင်ချက်အကောင်းဆုံးကျောင်း
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
စည်းကမ်းလိုက်နာမည့် ကျောင်းသား/ကျောင်းသူများသာ ၅-တန်းမှ ၁၀-တန်းအထိ
ကြိုတင်အပ်နှံခြင်းဖြင့် နေရာရယူပါ။ ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၂၃၂၇၅၊ ၀၁ ၅၆၂၈၃၀၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၉ ၂၅၉၂၅၈၄၀၆



# အထူးကျေးဇူးတင်လွှာ

၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဆဒဂ-၁၁၅(ထ-၁/ဒဂုံ) **မောင်သုတစိုး** သည် (မ-၇၂/အ-၇၂/သ-၉၆/ဓာတု-၉၃/ရူပ-၉၇/ဇီဝ-၉၄) စုစုပေါင်းရမှတ် (၅၂၄)မှတ်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် သင်ကြားပေးခဲ့ကြသော၊ ဝိုင်းဝန်းကျက်မှတ်အားပေးခဲ့သော ဆရာ/ဆရာမများအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**အဘွား - ဒေါ်အုံးမြင့်**
**မေမေ - ဒေါ်ခိုင်ခိုင်ဆွေ**
**ညီလေး - ကောင်းထူးသန့်**
**ကြီးကြီးဌေး၊ အန်တီအိနှင့်မိသားစုများ**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ပထမနေရာမှ (၃) နှစ်ဆက်တိုက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့သောကြောင့် နိုင်ငံတော်သမ္မတ၏ "အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု" (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်-ပထမဆု) ချီးမြှင့်ခြင်းခံရသည့်အတွက် လည်းကောင်း။

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသမရွေး ထိပ်ဆုံးမှ ပါဝင်လှူဒါန်းမှုများအတွက် လည်းကောင်း။

နိုင်ငံရပ်ခြားတွင် အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာနိုင်ငံသားများအား အကြိမ်ကြိမ် အခမဲ့လေယာဉ်ဖြင့် အမိမြေသို့ ပို့ဆောင်ပေးမှုများအတွက် လည်းကောင်း။

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း နှင့် ဒုတိယဥက္ကဋ္ဌ သူငယ်ချင်း ဒေါ်နန်းသန်းထွေး မိသားစု နှင့်ထပ်တူ အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မိသားစုသည် ကျန်းမာပျော်ရွှင်စွာဖြင့် လူမျိုး ၊ ဘာသာ၊ သာသနာ အကျိုးကို ဆတက်တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**B.Ed (1975 - 1980) သူငယ်ချင်းများ**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

Capt သတိုးကျော် MD MYANMAR AURORA Services Co.,Ltd +ဒေါ်မိမိနိုင် (PRECIOUS Gems & Jewellery)တို့၏သားငယ် မောင်အာကာကျော် ခုံအမှတ် ဆကရ-၁၁ သည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပါသဖြင့် ဝမ်းမြောက်စွာချီးကျူးဂုဏ်ပြုအပ်ပါသည်။

MYANMAR AURORA Services Co.,Ltd ဝန်ထမ်းများနှင့်
PRECIOUS Gems & Jewellery မှ
စက်ပန်းထိမ်နှင့် Showroom ဝန်ထမ်းမိသားစုများ

ဦးထွန်းလင်းဦး
B.Com(Q), CPA (Gold Medalist), DA (LCCI), ACCA, ISCA (S'pore CPA)
LCCI စာရင်းကိုင်သင်တန်းများ
LCCI I+II
Sec; 1 Thurs, Fri 60:00 - 8:00 pm
Sec;2 Sunday 7:00 - 11:00 am
LCCI III
Mon, Sat 6:00 - 8:00 pm
Sunday 11:30 - 6:30 pm
50% Discount
အမှတ်(၂၆၆)၃-လွှာ၊ ကျိုက္ကဆံလမ်းမ၊ သတိပဋ္ဌာန်လမ်းထိပ်၊တာမွေ
Ph:09-51-15604, 09-73224433

S M H English classes
IELTS
( Foundation, Preparation & Exam )
လိုချင်သော Band Score အတိုင်းရအောင် သင်ကြားပေးသော သီးသန့်တန်းများ
- Basic , Pre နှင့် Intermediate (၃)လသင်တန်းများ
- TOEFL နှင့် IGCSE သီးသန့်သင်တန်းများ
သင်တန်းအပ်လက်ခံပြီ
Contact person Saya Prin Chan
167/173 (B4) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ Ph: 01-392737 , 09-5105529 , 09-31560908

ကျောင်းကောင်းကောင်းရှာနေပါသလား ...?
ပညာမျိုးဆက်
အဆင့်မြင့် ကိုယ်ပိုင် အထက်တန်းကျောင်း နှင့် ဘော်ဒါ
သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ
မိတ်လေ့ကားပါဝင်သည့် (၆) ထပ်ကျောင်းဆောင်သစ်ကြီးတွင်
နေ့တက်နှင့်ဘော်ဒါ (တစ်နေ့စာ တစ်နေ့ ကျက်နိုင်သူများသာ)
ခုံနံပါတ်ဖြင့်ကျောင်းအပ်လက်ခံနေပါသည်။
လိပ်စာ
Ph: 09 73110736, 09 43057605




(၈)ပေါက် စက်အုတ်
ကောင်းကောင်း
ရောင်းရန်ရှိသည်။
ကောင်းကောင်းအုတ်စက်
Ph:09-5008355

ခွေးရောင်းမည်
Alsation
Pooldne
Chihuahua
Labrador
အင်းခွေးရောင်းမည်။
Ph: 09 - 253389956

သွေးသည်အသက်



(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ရွှေဇင်လတ်နှင့် နီလာဝင်းတို့ ပြိုင်ပွဲဝင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်(ခေတ္တစင်ကာပူ)



# မြန်မာ့ရုပ်မြင်သံကြားမှ မြန်မာနှင့်ထိုင်းအမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၁၁

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားပုံများကို ဇွန် ၁၂ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် MRTV NEWS Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၁

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ (၂၀၁၅)ကို ဇွန် ၁၄ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်ရာ (၇၁)ကီလိုတန်းတွင် ဖျံသွေး (ဝါဆို)နှင့် စိုးထက်ဦး(အဖြူရောင်သွေးသစ်)၊ (၆၃ ဒသမ ၅)ကီလိုတန်းတွင် သပြေညို(ဘီလပ်မြေစက်ရုံ)နှင့် အားမာန် (အဖြူရောင်သွေးသစ်)၊ (၆၇)ကီလိုတန်းတွင် ထက်အောင်ဦး (တောင်ကလေး)နှင့် သွေးသစ်အောင်(ရွှေကုက္ကို)၊ (၆၀)ကီလိုတန်းတွင် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်) နှင့် စောထူးဇော်(ဒို့ရိုးရာ)၊ (၇၅)ကီလိုတန်းတွင် မိုက်ရိုင်းလေး (ရွှေဖူး)နှင့် မိုးဟိန်း(ဘီလပ်မြေစက်ရုံ)၊ (၅၄)ကီလိုတန်းတွင် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် ရွှေချစ်သွေး (တိုက်ဂါး)၊ (၅၁)ကီလိုတန်းတွင် ရဲသွေးနီ (တောင်ကလေး) နှင့် တိမ်တိုက် (မုဒုံသား) တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ကြိုတင်လက်မှတ်များကို ကျောက်တံတားမြို့နယ် (၃၅)လမ်း(လယ်) ဇော်ပစ်တိုင်းထောင်ဗီဒီယိုဖြန့်ချိရေးနှင့် City Mart များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**



စိုးထက်ဦး ဖျံသွေး

## ယနေ့ မာတိကာ

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် ကော်မတီ၏ဆောင်ရွက်ချက် အပြီးသတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး စာမျက်နှာ - ၅
ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် GSM ရေဒီယိုစခန်း (၉၉) ခုအား ထပ်မံတည်ဆောက်သွားရန် လျာထား စာမျက်နှာ - ၇

ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
အတုမရှိ၊ အတုမရှိသည့် ဆရာအင်အား
ဂုဏ်ထူး ဦးသိန်းနိုင်
ဆရာ နေအုပ် (စီနီယံ)
ဂုဏ်ထူး ဦးအောင်နိုင်
ဒေါက်တာ စီ (Dr. ညီညီနိုင်)
အထွေထွေအုပ်ချုပ်ရေးမှူး - ဒေါ်ကြည်ကြည်တင် (M.Sc, Final)
ဒသမတန်း နောက်ဆုံးတန်းခွဲအသစ်စတင်မည် (တခွဲတည်းသာ)
ဇွန် (၁၁) ရက် ဖွင့်ပြီ
ဂုဏ်ထူးမြန်မာစာ
(တနင်္ဂနွေနေ့တစ်ရက်တည်းသာ တက်ရပါမည်)
Orange Super Mart

themirror.npt@gmail.com
www.facebook.com/themirrordaily